# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး ရှိတဲ့အနက် ၃၄၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၄ ရက်၊

(၂) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၈ ရက်၊

(၃) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၁ ရက်၊

(၄) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၂ ရက်၊

(၅) တနင်္သာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ခွင့် ၄ ရက်၊

(၆) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၂ ရက်၊

(၇) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၈) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၉) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၁၀) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၄ ရက်၊

(၁၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက် ခွင့် ၄ ရက်၊

(၁၂) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၂ ရက်၊

(၁၃) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၂ ရက်၊

(၁၄) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၁၅) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၁၆) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၁၇) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်နှင့်

(၁၈) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၇၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြစ်ချက်မှတ်တမ်း(မင်နီ/မင်ပြာ) လေးခုအထက်ရှိသည့် ရဲတပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းများကို ရာထူးအဆင့်တိုးမြှင့်ရေးစာမေးပွဲဖြေဆိုခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြစ်ချက်မှတ်တမ်း (မင်နီ/မင်ပြာ) လေးခုထက်ပိုသည့် ပြစ်ချက်မှတ်တမ်းဝင်သော ရဲတပ်ဖွဲ့ဝင်များအပါအဝင် ဝန်ထမ်းများကို ရာထူးတိုးစာမေးပွဲ ဖြေဆိုခွင့်မပြုသည့်ကိစ္စအပေါ် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအပါအဝင် နိုင်ငံ့ဝန်ထမ်းများကို လုပ်ငန်းတာဝန်လုပ်တဲ့အတွက်ကြောင့် မိမိကိုယ်တိုင် လုပ်မှားကိုင်မှားဖြစ်လျှင် အရေးယူခံရခြင်းနှင့် လက်အောက်ရဲတပ်ဖွဲ့ဝင်များအပါအဝင် ဝန်ထမ်းငယ်များမှ ပြဿနာအကြောင်း ကြီး/ငယ်တက်လျှင်လည်း အထက်ရဲအရာရှိများနှင့် ဝန်ထမ်းအကြီးအမှူးများကို ကွပ်ကဲမှုတာဝန်ရှိသဖြင့် အမျိုးမျိုးသောအရေးယူခံရခြင်းများ ရှိခဲ့ကြပါတယ်။ ထိုကဲ့သို့ အရေးယူရခြင်းအမျိုးမျိုးထဲတွင် ပြစ်ချက်မှတ်တမ်းအဖြစ် (မင်နီ/မင်ပြာ)များ ရေးသား၍လည်း သတိပေးကာ အပြစ်ပေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ထိုသို့အပြစ်ပေးရာမှာ (မင်နီ/မင်ပြာ) လေးခုအထက်ပိုသည့် ပြစ်ချက်မှတ်တမ်းဝင်သော ရဲတပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအား ရာထူးတိုးစာမေးပွဲများကို အကန့်အသတ်မရှိ ဖြေဆိုခွင့်မပြုသည်အထိ အရေးယူဆောင်ရွက်ခဲ့မှု များစွာရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ယခုအခါ နိုင်ငံတော်မှ ပြစ်မှုအမျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ပြီး ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများကိုပင် နိုင်ငံတော်သမ္မတကြီးက ပြစ်ဒဏ်များမှ လွတ်ငြိမ်းချမ်းသာခွင့်များကို အကြိမ်ကြိမ်ပေးခဲ့၍ ဝမ်းမြောက်ကြည်နူးကျေးဇူးတင်မဆုံး ဖြစ်ခဲ့ရပါတယ်။

သို့သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် ဝန်ထမ်းများကို ၎င်းတို့တာဝန်ထမ်းဆောင်နေကြစဉ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် လုပ်မှားကိုင်မှားရှိခဲ့မှုများအပေါ် ပြစ်ချက်မှတ်တမ်းအဖြစ် (မင်နီ/မင်ပြာ) လေးခုထက်ပိုသူအား ရာထူးအဆင့်တိုးမြှင့်ရေး စာမေးပွဲများကို အကန့်အသတ်မရှိ ဖြေဆိုခွင့်မပြုခဲ့သည့်အတွက် ၎င်းတို့အပေါ်ချမှတ်ထားသည့် ကန့်သတ်ချက်ပြစ်ဒဏ်များမှာ အဆုံးအဆမရှိသလိုဖြစ်နေပြီး ထိုသူများနှင့် ၎င်းတို့အပေါ် မှီခိုနေရသည့် မိသားစုဝင်များပါ လွန်စွာနစ်နာနေကြရပါတယ်။ ဒါ့ကြောင့် အကျင့်စာရိတ္တနှင့်ပတ်သက်သည့် ပြစ်ချက်မှတ်တမ်းများအပ ကျန်လုပ်ငန်းတာဝန်ထမ်းဆောင်ရာ၌ လုပ်မှားကိုင်မှားပြစ်ချက်စာရင်းဝင်များကို ပြစ်ချက်မှတ်တမ်းများမှ ပယ်ဖျက်၍ ရာထူးအဆင့်တိုးမြှင့်ခြင်း စာမေးပွဲများကို ဖြေဆိုခွင့်ပြုပေးသင့်ပါတယ်။ ထိုသို့ပြုလုပ်ပေးမည်ဆိုပါက ရဲတပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းများဘဝမှာ လုပ်ငန်းခွင်ပျော်ရွှင်မှုများကို များစွာရရှိစေပြီး ရာထူးတိုးမြှင့်နိုင်သေးသည်ဟူသော ဘဝမျှော်လင့်ချက်များလည်း ပေါ်ထွန်းလာမည်ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြစ်ချက်မှတ်တမ်း (မင်နီ/မင်ပြာ) လေးခုထက်ပိုသည့် ရဲတပ်ဖွဲ့ဝင်များအပါအဝင် ဝန်ထမ်းများကို ရာထူးတိုးစာမေးပွဲ ဖြေဆိုခွင့်မပြုခြင်းအပေါ် ရဲတပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်။ (က) ပြစ်ချက်မှတ်တမ်း (မင်နီ/မင်ပြာ) လေးခုထက်ပိုသည့် ရဲတပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းများ မည်မျှရှိပါသနည်း။ (ခ) အကျင့်စာရိတ္တနှင့်ပတ်သက်သည့် ပြစ်ချက်မှတ်တမ်းဟောင်းများမှအပ ကျန်ပြစ်ချက်မှတ်တမ်း (မင်နီ/မင်ပြာ) လေးခုထက်ပိုသည့် ပြစ်ချက်မှတ်တမ်းဝင်များအား ပယ်ဖျက်ပေး၍ ရားထူးအဆင့်တိုးမြှင့်ရေး စာမေးပွဲဖြေဆိုခွင့်ပြုရန် အစီအစဉ်ရှိပါသလား။ ရှိပါက မည်သည့်အခါတွင် ဆောင်ရွက်ပေးမည်နည်း။ (ဂ) ပြစ်ချက်မှတ်တမ်းများမှ ပယ်ဖျက်မပေးနိုင်ပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှ ပြန်လည်

ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဝန်ထမ်းရေးရာကိစ္စများနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၀ မှာ နိုင်ငံ့ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ အမှုထမ်းစည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၄၉ မှာ နိုင်ငံသားများသည် ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှုလုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသောအခွင့်အလမ်း ရရှိစေရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။ ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းများခန့်အပ်ခြင်း၊ လစာနှင့်စရိတ်များချီးမြှင့်ခြင်း၊ တာဝန်နှင့် အခွင့်အရေးများသတ်မှတ်ခြင်း၊ ချီးမြှင့်ခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ စည်းကမ်း ထိန်းသိမ်းရေးပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်း၊ အငြိမ်းစားပေးခြင်းစတဲ့ ဝန်ထမ်းရေးရာကိစ္စရပ်တွေကို ဝန်ကြီးဌာနအသီးသီး တစ်ပြေးညီလိုက်နာဆောင်ရွက်နိုင်ဖို့အတွက်ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၅) နိုင်ငံ့ဝန်ထမ်းဥပဒေကိုလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(က)နှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၁၄)နဲ့ ထုတ်ပြန်ခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(င)အရ နိုင်ငံ့ဝန်ထမ်းဟူသောစကားရပ်တွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ မပါဝင်ရဟု ဖော်ပြထားရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဝန်ထမ်းရေးရာကိစ္စများ ကိုင်တွယ်ဖြေရှင်းရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေနှင့်ရဲလက်စွဲပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၂ မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ထူးခြားတဲ့လုပ်ငန်းသဘာဝအရ သီးခြားဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်ဟုပြဋ္ဌာန်းထားရှိတဲ့အတွက် ယခုအခါမှာ သီးခြားဥပဒေတစ်ရပ်လည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များရဲ့ တာဝန်ပျက်ကွက်မှု၊ စည်းကမ်းဖောက်ဖျက်မှုများနှင့်ပတ်သက်လို့ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနဲ့ နည်းဥပဒေများအရ လိုက်နာဆောင်ရွက်ရပါတယ်။ အဆိုပါဥပဒေများအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များရဲ့ ကျူးလွန်တဲ့ပြစ်မှုများကို အရေးယူရန် စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့စည်းစစ်ဆေးခြင်း၊ သက်သေခံအကျဉ်းချုပ်ရေးမှတ်ယူခြင်းတို့ဖြင့် ဦးစွာစစ်ဆေးဆောင်ရွက်ရပါတယ်။ စုံစမ်းစစ်ဆေးရေးခုံရုံးရဲ့ စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံအကျဉ်းချုပ်ရေးမှတ်ယူပြီးနောက် ကျူးလွန်တဲ့ပြစ်မှုအခြေအနေအလိုက် အကျဉ်းနည်းဖြင့်

စစ်ဆေးစီရင်ခြင်းနှင့် ရဲတရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းတို့အရ ပြစ်ဒဏ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနဲ့ နည်းဥပဒေတို့အရ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခြင်းအရသော်လည်းကောင်း၊ ရဲတရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းအရသော်လည်းကောင်း၊ ချမှတ်တဲ့ပြစ်ဒဏ်များနှင့်ပတ်သက်လို့ ပြစ်ချက်အတိမ်အနက်အပေါ်မူတည်ပြီး (မင်နီ/မင်ပြာ) ပြစ်ချက်များသတ်မှတ်ရန် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် ၁၀း၀၀ နာရီအချိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်တဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးများ၊ ကျောင်းအုပ်ကြီးများ ပါဝင်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိဝန်ထမ်းရေးရာ အကြံပေးအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် (၄/၉၈)မှာ အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။ ဒီလို အစည်းအဝေးဆုံးဖြတ်ချက်ချပြီးနောက်ပိုင်းမှာ ရဲတပ်ဖွဲ့များရဲ့ ပြစ်ဒဏ်များကို အနီစက်/အပြာစက်များသတ်မှတ်ပြီးတော့ မှတ်တမ်းရေးသွင်းဆောင်ရွက်လျက်ရှိပါတယ်။ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်လို့ ၂၀၀၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က ပြင်ဆင်ရေးဆွဲထုတ်ပြန်ခဲ့တဲ့ ရဲလက်စွဲ(ပထမတွဲ) အခန်း (၄) ရာထူးခန့်ထားခြင်း အခန်းကဏ္ဍ၌ ပြဋ္ဌာန်းထားရှိပြီး ရဲတပ်သားအဆင့်မှ ရဲချုပ်အဆင့်အထိ ရာထူးခန့်ထားခြင်းဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်များနှင့် ပြစ်ချက်မှတ်တမ်းဆိုင်ရာ ကန့်သတ်ချက်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ဒုတိယရဲမှူးအဆင့်မှ ရဲမှူးအဆင့်သို့ ရာထူးတိုးမြှင့်ပေးရေးအတွက်ကို ပြစ်ဒဏ်သတ်မှတ်ချက်မှာ မင်နီသတ်မှတ်ခြင်းခံရတဲ့ ပြစ်မှုသုံးမှုထက် ကျော်လွန်ခြင်းမရှိသူများဟု ကန့်သတ်ဖော်ပြထားကြောင်း တွေ့ရှိရပြီး ကျန်အဆင့်များကိုတော့ ရာထူးတိုးမြှင့်ခြင်းနဲ့ပတ်သက်လို့ မင်နီပြစ်ချက်ကန့်သတ်ထားခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေအရ ချမှတ်တဲ့ပြစ်ဒဏ်များအနက် ခုနစ်မျိုးကို အနီစက်ပြစ်ဒဏ်အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့မှူးများမှ အပြစ်ဖော်ပြမှတ်တမ်းဝင်သတိပေးခြင်းများကို အပြာစက်ပြစ်ဒဏ်အဖြစ်လည်းကောင်း တစ်ပြေးညီ သတ်မှတ်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားချက်ထုတ်ပြန်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အနီစက်ပြစ်ဒဏ်အဖြစ် သတ်မှတ်ထားတဲ့ပြစ်ဒဏ် ခုနစ်မျိုးကတော့ လစာနှုန်းထားအတွင်း လစာလျှော့ချခြင်း၊ ရာထူးတိုးမြှင့်ခြင်းကိုရပ်ဆိုင်းခြင်း၊ နှစ်တိုးလစာရပ်ဆိုင်းခြင်း၊ ပြင်းထန်စွာပြစ်တင်ရှုတ်ချခြင်း၊ လစာမှပေးလျော်စေခြင်း၊ အငြိမ်းစားလစာအတွက် ရဲအမှုထမ်းသက်လျှော့ချခြင်း၊ ရာထူးအဆင့်လျှော့ချခြင်းတို့ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များကို အရေးယူအပြစ်ပေးတဲ့ပြစ်ချက်များအတွက် မင်နီပြစ်ချက်၊ မင်ပြာပြစ်ချက်ဆိုပြီး သတ်မှတ်ရာမှာ အခြားအဆင့်တပ်ဖွဲ့ဝင်

များကို သတ်မှတ်ထားခြင်းမရှိဘဲ ဒုတိယရဲအုပ်မှ အထက်အဆင့် တပ်ဖွဲ့ဝင်များကိုသာ သတ်မှတ်ထားခြင်းဖြစ်ပါတယ်။ ရာထူးအဆင့်တိုးမြှင့်ရေးစာမေးပွဲဖြေဆိုခွင့်မပြုသည့် သတ်မှတ်ချက်မှာ မင်းနီနှင့် မင်းပြာနှစ်ခုပေါင်း လေးခုနှင့် အထက်ဟု သတ်မှတ်ထားခြင်းမဟုတ်ဘဲ မင်းနီပြစ်ချက်ချည်း ငါးခုနှင့် အထက်ကိုသာ သတ်မှတ်ထားခြင်းဖြစ်ပြီး မင်းပြာပြစ်ချက်များမှာ ရာထူးအဆင့်တိုးမြှင့်ရေးအတွက်ကို စာမေးပွဲဖြေဆိုခွင့်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ရာထူးအဆင့်တိုးမြှင့်ရေး စာမေးပွဲဖြေဆိုခွင့်မရှိတဲ့ မင်းနီပြစ်ချက် ငါးခုနှင့်အထက်ရှိတဲ့ ရဲတပ်ဖွဲ့ဝင်များကတော့ ၂၀၁၄ ခု၊ စက်တင်ဘာလ ၁၉ ရက်နေ့အထိ ရဲမှူး ၇ ဦး၊ ဒုတိယရဲမှူး ၂၅ ဦး၊ ရဲအုပ် ၆၇ ဦး၊ ဒုတိယရဲအုပ် ၈၈ ဦး စုစုပေါင်း ၁၈၇ ဦး ရှိပါတယ်။ မင်းပြာငါးခုနှင့်အထက်ရှိတဲ့ တပ်ဖွဲ့ဝင်များကတော့ ရဲမှူးကြီး ၁ ဦး၊ ဒုတိယရဲမှူးကြီး ၄ ဦး၊ ရဲမှူး ၄၂ ဦး၊ ဒုတိယရဲမှူး ၆၅ ဦး၊ ရဲအုပ် ၃၂ ဦး၊ ဒုတိယရဲအုပ် ၁၄ ဦး စုစုပေါင်း ၁၅၈ ဦး ရှိပါတယ်။ မင်းနီပြစ်ချက် ငါးခုနှင့်အထက်ရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ရာထူးတိုးမြှင့်ရေး စာမေးပွဲဖြေဆိုခွင့်မပြုရန် သတ်မှတ်ထားသော်လည်း မှုခင်းဖော်ထုတ်မှု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် ရဲလုပ်ငန်းများ ဆောင်ရွက်ချက်ကောင်းမွန်တဲ့ တပ်ဖွဲ့ဝင်များကို ဝန်ထမ်းရေးရာအဖွဲ့မှ အစည်းအဝေးဖြင့်ဆုံးဖြတ်ပြီး မင်းနီအရေအတွက်ကို ချွင်းချက်ဖြင့်ထားရှိကာ ရာထူးအဆင့်တိုးမြှင့်ရေး၊ ဂုဏ်ပြုချီးမြှင့်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယင်းကဲ့သို့ မင်းနီ/မင်းပြာပြစ်ချက်ရှိတဲ့ ရဲတပ်ဖွဲ့ဝင်များကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့အထိ ရာထူးတိုးမြှင့်ချီးမြှင့်တဲ့တပ်ဖွဲ့ဝင်များမှာ ဒုတိယရဲမှူးအဆင့်မှ ရဲမှူးအဆင့်သို့ ၂ ဦး၊ ရဲအုပ်အဆင့်မှ ဒုတိယရဲမှူးအဆင့်သို့ ၁၉ ဦး၊ ဒုတိယရဲအုပ်အဆင့်မှ ရဲအုပ်အဆင့်သို့ ၃၂ ဦး စုစုပေါင်းအရာရှိ ၅၃ ဦးဖြစ်ပါတယ်။ ဒါ့အပြင် စွမ်းဆောင်ရည်ကောင်းမွန်တဲ့ အခြားအဆင့်တပ်ဖွဲ့ဝင် ၁၇၄ ဦးကိုလည်း ပြစ်ချက်မှတ်တမ်းများ ခြွင်းချက်ထားရှိပြီး ရာထူးတိုးမြှင့်ခြင်းများပေးခဲ့တဲ့အတွက် ပြစ်ချက်မှတ်တမ်းရှိသော တပ်ဖွဲ့ဝင်စုစုပေါင်း ၂၂၇ ဦးကို ရာထူးတိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဝန်ကြီးဌာနအသီးသီးရှိ နိုင်ငံ့ဝန်ထမ်းများကို အရေးယူအပြစ်ပေးခြင်းနှင့်ပတ်သက်လို့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းများရဲ့ ပြစ်ချက်မှတ်တမ်းများကို မင်းနီ/မင်းပြာသတ်မှတ်ပြီး ရာထူးအဆင့်တိုးမြှင့်ရေးစာမေးပွဲ ဖြေဆိုခွင့်မပြုတဲ့ ကန့်သတ်ချက်၊ ဆောင်ရွက်ချက်မျိုးမရှိသော်လည်း ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ စည်းကမ်းထိန်းတာဝန်များကို ထမ်းဆောင်ရတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုတည်းတွင်သာ ပြစ်ဒဏ်အတိမ်အနက်ပေါ်မူတည်ပြီး (မင်းနီ/မင်းပြာ)သတ်မှတ်ချက်များ သတ်မှတ်ထားရှိခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ရာထူးတိုးမြှင့်ရေးစာမေးပွဲ ဖြေဆိုခွင့်မရှိတဲ့ မင်နီပြစ်ချက် ငါးခုနှင့် အထက် ရဲတပ်ဖွဲ့ဝင်များမှာ ဒုတိယရဲအုပ်အဆင့်မှ ရဲမှူးအဆင့်အထိ ၁၈၇ ဦးရှိပြီး မင်ပြာ ငါးခုနှင့် အထက်ရှိသည့်ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၅၈ ဦးရှိပါတယ်။ ၎င်းအရာရှိတွေကို (မင်နီ/မင်ပြာ)ပြစ်ချက်မှတ်တမ်းများပယ်ဖျက်၍ ရာထူးအဆင့်တိုးမြှင့်ရေးစာမေးပွဲဖြေဆိုခွင့်ပြုရန် အစီအစဉ်မရှိပါကြောင်းနှင့် အကျင့်စာရိတ္တနှင့်ပတ်သက်တဲ့ ပြစ်ချက်မှတ်တမ်းဟောင်းများမှအပ (မင်နီ/မင်ပြာ) လေးခုအထက်ပိုတဲ့ ပြစ်မှုမှတ်တမ်းများရှိသော်လည်း မှုခင်းဖော်ထုတ်ခြင်း၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ခြင်း၊ ရဲလုပ်ငန်းကျွမ်းကျင်မှုရှိခြင်း၊ လုပ်ငန်းတာဝန်ထူးချွန်ခြင်းစတဲ့ ထူးချွန်တပ်ဖွဲ့ဝင်များကို ပြစ်ချက်မှတ်တမ်းများ ခြွင်းချက်ထားရှိကာ ရာထူးတိုးမြှင့်ရေး ဝန်ထမ်းရေးရာအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မိမိတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်ပေါ့လျော့မှု၊ တာဝန်ပျက်ကွက်မှု ကျူးလွန်တဲ့တပ်ဖွဲ့ဝင်များကိုသာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေတို့အရသာ အပြစ်ပေးခြင်းဖြစ်ပါတယ်။ ယင်းသို့အပြစ်ပေးခြင်းခံရတဲ့ အကျိုးသက်ရောက်မှုကို အခြားတပ်ဖွဲ့ဝင်များမှ သင်ခန်းစာယူ၍ တာဝန်ပေါ့လျော့မှု၊ တာဝန်ပျက်ကွက်မှုများမဖြစ်ပွားအောင် ကိုယ်စီထိန်းသိမ်းပြီး မိမိတာဝန်ကိုကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်လိုစိတ်ရှိမှသာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်နဲ့ လုပ်ငန်းတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မှာပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အကျင့်စာရိတ္တနှင့်စည်းကမ်းကောင်းမွန်ပြီး ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် မင်နီ/မင်ပြာသတ်မှတ်ချက်များကို ပယ်ဖျက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သစ်တောစိုက်ခင်းများကို ပုဂ္ဂလိကတစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် စိုက်ပျိုးခွင့်နှင့် သစ်တောစိုက်ခင်းအား လွှဲပြောင်းခြင်း၊ အမွေဆက်ခံခြင်း ခွင့်ပြု/မပြုကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးဝင်းကို၊ ဆီဆိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းကို(ဆီဆိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို ဖြစ်ပါတယ်။ မေးခွန်းရဲ့ ရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင်ပြန်လည်စိမ်းလန်းစိုပြည်ရေး၊ ပြည်သူများ သစ်တော

စိုက်ခင်း စိတ်ဝင်စားလာစေရေး၊ နိုင်ငံတော်နှင့် ပြည်သူများ ဝင်ငွေရရှိရေးပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောနေပြည်သူများဟာ မိဘဘိုးဘွားစိုက်ပျိုးထိန်းသိမ်းထားတဲ့ လယ်စည်းရိုး၊ ခြံစည်းရိုး အဖိုးတန်၊ အဖိုးမတန်သစ်များကို အသုံးပြုတဲ့အခါ မကြာမကြာ တာဝန်ရှိပုဂ္ဂိုလ်များရဲ့ အရေးယူခံရ၊ ငွေညှစ်ခံရ၊ တချို့ဆို အချုပ်ကျ၊ ထောင်ကျတဲ့အထိ တွေ့နေရပါတယ်။ သစ်ပင်သစ်တောချစ်စိတ်များလည်း ပြောင်းလာကြတယ်။ စိုက်ပျိုးသူတောင်သူသော်လည်း ဘာအကျိုးရှိမှာလဲ၊ ဘယ်လိုလုပ်ရမလဲ မသိဖြစ်နေကြပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံတော်သည် မြေပေါ်မြေအောက် သဘာဝသယံဇာတများစွာ အမွေခံကောင်းနိုင်ငံဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားရေးလိုအပ်ချက်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလိုအပ်ချက်၊ မသမာသောစီးပွားရေးလုပ်ငန်းရှင်များနှင့် လူဦးရေများပြားလာခြင်း၊ ပြည်သူ့စားဝတ်နေရေးခက်ခဲမှုကိစ္စများကြောင့် မြေပေါ်မြေအောက်သယံဇာတ အဖိုးတန်၊ အဖိုးမတန်ကျောက်မျက်သတ္တုမျိုးစုံ၊ သစ်ဝါးမျိုးစုံ အားလုံးအချိန်တိုအတွင်းမှာ ပျောက်ဆုံးယိုယွင်းသွားပြီး ဥတုရာသီပြောင်းလဲတဲ့အထိ တွေ့မြင်နေရပါတယ်။ မြေအောက်သယံဇာတကုန်ဆုံးမှု ပြန်လည်မရနိုင်သော်ငြားလည်း မြေပေါ်သဘာဝသယံဇာတကို မှန်ကန်သောမူဘောင်ဖြင့် ဝိုင်းဝန်းပြန်လည်စိုက်ပျိုးထိန်းသိမ်းကြိုးစားပါက ပြန်လည်ရရှိနိုင်ပါမည်။ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်းများကို ဝန်ကြီးဌာနတစ်ခုဖြင့် တစ်နိုင်ငံလုံးဒေသအနှံ့ မည်ကဲ့သို့မှ လွှမ်းခြုံနိုင်မည်မဟုတ်ပါ။ နိုင်ငံတော်ပုဂ္ဂလိက ပြည်သူများ လက်တွဲညီညီ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အကျိုးခံစားမှု မှန်ကန်စွာရေးဆွဲသတ်မှတ်နိုင်မှသာ သဘာဝပတ်ဝန်းကျင် ပြန်လည်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရောပြည်သူများပါ စဉ်ဆက်မပြတ်ဝင်ငွေထာဝရ ရရှိကြမှာဖြစ်ပါတယ်။ တောတောင်လည်း စိမ်းလန်း၊ ပြည်သူများလည်းချမ်းသာ၊ နိုင်ငံတော်ကလည်း ဝဖြိုး၊ တောတောင်လည်းလှ ပြည်လည်းဝပါမည်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ (၁) ပုဂ္ဂလိကတစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်စိုက်ပျိုးခွင့်ရှိ/မရှိ။ (၂) ပုဂ္ဂလိကမှ စိုက်ပျိုးနိုင်သည့်မြေနေရာ၊ မြေအမျိုးအစားများ၊ (၃) ပုဂ္ဂလိကစိုက်ပျိုးနိုင်သည့် သစ်အမျိုးအစားများ၊ (၄)ပုဂ္ဂလိကစိုက်ခင်းများ ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခြင်း မည်ကဲ့သို့ ဆောင်ရွက်ရမည်နည်း။ (၅) နှစ်ရှည်စီမံကိန်းကြောင့် မိမိသစ်တောစိုက်ခင်းအား လွှဲပြောင်းခြင်း၊ အမွေဆက်ခံခြင်း ခွင့်ပြုပါသလား။ (၆) သစ်တောစိုက်ခင်းမှထွက်ရှိလာသည့် သစ်အမျိုးအစားများကို နိုင်ငံတော်သို့ မည်သည့်အချိုးအစားဖြင့် အခွန်ပေးဆောင်ရမည်နည်း။ (၇)

အခွန်ဆောင်ပြီးသစ်များကို လွတ်လပ်စွာရောင်းချအသုံးပြုခွင့် ပေးပါသလား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုရဲ့ မေးခွန်းများကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ သစ်တောစိုက်ခင်းများကို ပုဂ္ဂလိက တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်စိုက်ပျိုးခွင့်ရှိ/မရှိနှင့်ပတ်သက်လို့ သစ်တောသယံဇာတ ရေရှည်တည်တံ့စေရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သစ်တောဥပဒေအရ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်းရှိ တောနိမ့်၊ တောပျက်များမှာ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများကို ၂၀၀၆ ခုနှစ်မှစတင်ပြီး စနစ်တကျစိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ထိုသို့ခွင့်ပြုရာမှာ မြေနေရာဦးမှုများမဖြစ်ပေါ်စေရေးအတွက် ပုဂ္ဂလိကစိုက်ခင်းစိုက်ပျိုးရန် လျှောက်ထားလာပါက သေချာစွာစိစစ်၍ တစ်ကြိမ်လျှင်ကျွန်းစိုက်ခင်း ဧက ၅၀၀၊ သစ်မာစိုက်ခင်း ဧက ၁၀၀၊ ရော်ဘာနှင့် စက်မှုကုန်ကြမ်းစိုက်ခင်းအတွက် ဧက ၂၀၀ ကို ခွင့်ပြုပေးလျက်ရှိပါတယ်။ အဲ့ဒီဧရိယာတွေမှာ ပိုမိုပြီး စီးပွားဖြစ်ဆောင်ရွက်လုပ်ကိုင်လိုပါက အိတ်ဖွင့်တင်ဒါစနစ်နဲ့ ငှားရမ်းပေးမယ့်မြေနေရာလုပ်ကွက်များကို များစွာသောဧကအတွက် စီမံဆောင်ရွက်ပေးနိုင်ပါကြောင်း ဖြေကြားလိုပါတယ်။

ပုဂ္ဂလိကစိုက်ခင်းများကို ၂၀၀၆ ခုနှစ်မှစတင်ခွင့်ပြုခဲ့ရာမှာ ယနေ့အထိ စုစုပေါင်း ပုဂ္ဂလိကကျွန်းစိုက်ခင်း ၂၁၈၉၄၉ ဧကကိုခွင့်ပြုပေးခဲ့ပြီး ၁၁၄၆၃၂ ဧကဟာ စိုက်ပျိုးတည်ထောင်ပြီး ဖြစ်ပါတယ်။ ထိုနည်းတူပဲ ပုဂ္ဂလိကသစ်မာစိုက်ခင်း ၁၀၃၂၈၃ ဧကကို ခွင့်ပြုပေးခဲ့ပြီး ၅၀ ရာခိုင်နှုန်း စိုက်ပျိုးလုပ်ကိုင်ပြီးဖြစ်ပါတယ်။ ဒီ့အပြင် ပုဂ္ဂလိကရော်ဘာ၊ ဆီအုန်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း အတွက် ကိုးသိန်းခန့် ခွင့်ပြုခဲ့ပြီး ၅၀ ရာခိုင်နှုန်းတည်ထောင်ပြီးဖြစ်ပါတယ်။ ကျန်ခွင့်ပြုဧရိယာဧကများမှာလည်း လုပ်ငန်းစီမံချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပုဂ္ဂလိက စိုက်ပျိုးနိုင်တဲ့ မြေနေရာများမှာ မြေအမျိုးအစား၊ သစ်အမျိုးအစားများနှင့် ပတ်သက်လို့ ကျွန်တော်တို့ ဝန်ကြီးဌာနက

**မူကြမ်း**

စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေထဲမှာ တောနိမ့်၊ တောပျက်များကို ပြန်လည်ဖွံ့ဖြိုးရန် သဘာဝတောများကို ထိန်းသိမ်းရန်မလွယ်ကူတဲ့မြေများမှာ သစ်တောစိုက်ခင်းဇုန်အဖြစ်နဲ့သတ်မှတ်ပြီး ခရိုင်အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများတွင် Living Circle ထဲမှာထည့်သွင်းရေးဆွဲကာ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း သဘာဝနယ်မြေများ၊ ရေဝေရေလဲ ထိန်းသိမ်းတဲ့နယ်မြေအတွင်းမှာတော့ ပုဂ္ဂလိကစိုက်ခင်းများကို ခွင့်မပြုနိုင်ပါကြောင်း ဖြေကြားလိုပါတယ်။

ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုရာမှာ နိုင်ငံတော်ရဲ့သစ်တောသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်းနှင့်သစ်မာမျိုးစုံစိုက်ခင်း ထူထောင်ရာမှာ နိုင်ငံတော်ရဲ့အခြေခံလိုအပ်ချက်ဖြည့်ဆည်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြပါသစ်မျိုးများကို ခွင့်ပြုလျက်ရှိပါတယ်။ ဒီနေရာမှာလည်း သစ်မျိုးနဲ့ သက်ဆိုင်ရာ ရာသီဥတု၊ မြေ ကိုက်ညီတဲ့အပေါ်မှာ စိစစ်ခွင့်ပြုတာဖြစ်ပါတယ်။ ပဲခူးရိုးမဇရိယာမှာ မြန်မာ့ကျွန်းသစ်များ မူရင်းဒေသဖြစ်တဲ့အတွက် ကျွန်းသစ်များကို အဓိကထားစိုက်ပျိုးခွင့်ပြုလျက်ရှိပြီး ကျွန်းပေါက်ရောက်မှုမကောင်းတဲ့ဒေသများမှာတော့ သစ်မာမျိုးစုံစိုက်ပျိုးခွင့်ပြုလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပုဂ္ဂလိကစိုက်ခင်းများကို ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)နှင့် ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေများပုဒ်မ ၂၀ ပုဒ်မခွဲ(က)တို့အရ ကျွန်တော်တို့ စိစစ်ခွင့်ပြုလျက်ရှိပါတယ်။ သစ်တောဥပဒေပုဒ်မ ၈ အရ ကျွန်းဟာ နိုင်ငံပိုင်ဖြစ်တဲ့အတွက် ပုဂ္ဂလိကကျွန်းစိုက်ခင်းတည်ထောင်စိုက်ပျိုးခွင့်ကို သစ်တောဥပဒေပုဒ်မ ၁၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီး ခွင့်ပြုပေးလျက်ရှိပါတယ်။

မိမိသစ်တောစိုက်ခင်းအား လွှဲပြောင်းခြင်း၊ အမွေဆက်ခံခြင်းနှင့်ပတ်သက်လို့ ခွင့်ပြုစိုက်ပျိုးထားတဲ့ ပုဂ္ဂလိကကျွန်းစိုက်ခင်း၊ သစ်မာစိုက်ခင်းများ လုပ်ကိုင်ခွင့်ရတဲ့ သက်တမ်းကာလအတွင်း လုပ်ကိုင်ခွင့်ရသူ ကွယ်လွန်လျှင် ၎င်း၏အမွေဆက်ခံခွင့်ရရှိသူက အမွေဆက်ခံပိုင်ခွင့်နှင့်ပတ်သက်တဲ့ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခိုင်လုံသော အထောက်အထားတင်ပြပြီး ကျွန်တော်တို့ဝန်ကြီးဌာနမှ စိစစ်ခွင့်ပြု ဆက်လက်လုပ်ကိုင်ခွင့်ပြုမှာဖြစ်ပါတယ်။ လုပ်ကိုင်ခွင့်ပြုထားတဲ့ မြေအားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းကို ခွင့်မပြုကြောင်း စည်းကမ်းချက်များမှာ ထည့်သွင်းဖော်ပြထားပါတယ်။ သစ်တောစိုက်ခင်းမှ ထွက်ရှိလာတဲ့ သစ်အမျိုးအစားများကို နိုင်ငံတော်သို့ အခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်လို့ ပုဂ္ဂလိကကျွန်းစိုက်ခင်းမှထွက်ရှိလာတဲ့ ကျွန်းသစ်များကို တန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်း နိုင်ငံတော်ကို ပေးသွင်းရ

မှာဖြစ်ပြီး ပုဂ္ဂလိက သစ်မာစိုက်ခင်းမှထွက်ရှိတဲ့ သစ်၊ တိုင်၊ မျော၊များကို သစ်တောဦးစီးဌာနမှ သတ်မှတ်ထားတဲ့ အခွန်တော်နှုန်းထားများအတိုင်း ပေးဆောင်ရမှာဖြစ်ပါတယ်။ အခွန်ဆောင်ပြီးသစ်များကို လွတ်လပ်စွာရောင်းချ အသုံးပြုခွင့်နှင့်ပတ်သက်လို့ ခွင့်ပြုထားသောပုဂ္ဂလိက သစ်တောစိုက်ခင်းမှထွက်ရှိတဲ့ အခွန်ဆောင်ပြီး မျော၊ တိုင်နှင့်သစ်များကို နိုင်ငံတော်မှ ချမှတ်ထားတဲ့မူဝါဒများ၊ သစ်တောဦးစီးဌာနရဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်တွင်းသုံးစွဲရန်အတွက် ရောင်းချနိုင်ပြီး ပြည်ပသို့တင်ပို့ရောင်းချလိုပါက မြန်မာ့သစ်လုပ်ငန်းသို့ ဆက်သွယ်ညှိနှိုင်း၍ တည်ဆဲလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို နွေစပါးစိုက်ပျိုးစရိတ်ချေးငွေပေးသွင်းပြီးမှ ထုတ်ချေးမည်ဆိုသော စည်းကမ်းချက်အား သဘာဝဘေးဒဏ်နှင့်ပိုးမွှားများကြောင့် သီးနှံများပျက်စီးဆုံးရှုံး၍ ပြန်လည်ပေးဆပ်ရန် အခက်အခဲဖြစ်နေသော လယ်သမားများအတွက် ဖြေလျှော့ပေးရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျာ။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရမှ နှစ်စဉ်စပါးစိုက်ဧက တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းနဲ့ ၁၀ ဧကအထိ စိုက်ပျိုးစရိတ်ချေးငွေများကို ချေးပေးလျက်ရှိတာကို လယ်သမားများက အထူးပဲကျေးဇူးတင်လျက်ရှိကြပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေတွေကို နွေစပါးစိုက်ပျိုးရန်အတွက် အောက်တိုဘာလမှ ဇန်နဝါရီလအထိ အချိန်ကာလသတ်မှတ်ပြီး ချေးပေးနေပါတယ်။ ဇွန်လကုန်မှလည်း ပြန်ဆပ်ရမှာဖြစ်ပါတယ်။ နွေစပါးအတွက် စိုက်ပျိုးစရိတ်ချေးငွေကို ပြန်မဆပ်နိုင်ပါက မိုးစပါးအတွက် စိုက်ပျိုးစရိတ်ချေးငွေကို ထုတ်မပေးပါဘူး။ သဘာဝဘေးဒဏ်ကြောင့်ဖြစ်စေ၊ ပိုးမွှားကြောင့်ဖြစ်စေ သီးနှံပျက်စီးထားတဲ့လယ်သမားများမှာ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေရရှိဖို့အတွက် ငွေရှင်ကြေးရှင်များထံမှနေပြီးတော့ အတိုးကြီးပေးပြီးတော့ ငွေချေးပြီးတော့ နွေစပါးစိုက်ပျိုးစရိတ်ချေးငွေတွေကိုဆပ်ရပါတယ်။ ဆပ်ပြီးမှပဲ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို ရမှာဖြစ်ပါတယ်။ သို့သော်

မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ ချက်ချင်းပြန်မရဘဲ နှစ်လ၊ သုံးလခန့်ကြာတယ်လို့ လယ်သမားများက ပြောပါ တယ်။ အဲ့ဒီလို နှစ်လ၊ သုံးလကြာတဲ့အတွက် စပါးစိုက်ရတာလည်း နည်းနည်းနောက်ကျပြီးတော့အတိုးကလည်း တက်တဲ့အတွက်ကြောင့်မို့လို့ လယ်သမားများဟာ တစ်ပူပေါ်နှစ်ပူဆင့် ဒုက္ခရောက်နေကြပါတယ်။

သို့ဖြစ်ပါ၍ မိုးစပါးအတွက် စိုက်ပျိုးစရိတ်ချေးငွေကို နွေစပါးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ပေးသွင်းပြီးမှ ထုတ်ချေးမည်ဆိုသော စည်းကမ်းချက်အား သဘာဝဘေးဒဏ်ကြောင့်လည်းကောင်း၊ ပိုးမွှားများကြောင့်လည်းကောင်း သီးနှံများပျက်စီးဆုံးရှုံး၍ ပြန်လည်ပေးရန်အခက်အခဲဖြစ်နေသော လယ်သမားများအတွက် ဖြေလျှော့ပေးရန် သို့မဟုတ် အခြားမည်သို့မည်ပုံကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်သန်းရဲ့ မေးမြန်းချက်အပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ လွှတ်တော်၏အတည်ပြုချက်ဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ နှစ်အလိုက် ကာလစည်းကမ်းသတ်မှတ်ချက်၊ သတ်မှတ်အတိုးနှုန်းဖြင့် ချေးယူရခြင်းဖြစ်ပြီး သတ်မှတ်ကာလအတွင်း ပြေကျေအောင် ပြန်လည်ပေးဆပ်ရပါတယ်။ ထိုချေးငွေများအား တောင်သူလယ်သမားများထံသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးရာတွင် ၁၀ ဧကအောက် လုပ်ကွက်ငယ်တောင်သူလယ်သမားများအား စပါးသီးနှံနှင့် ချက်ကြံသီးနှံအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်း၊ အခြားသီးနှံအတွက် ကျပ်နှစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ အတိုးနှုန်းကိုလည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်

၁၀၀ လျှင် တစ်နှစ် ၁၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၀၀ လျှင် တစ်နှစ် ၈.၅ ရာခိုင်နှုန်း (တစ်လ- ၇၁ ပြားနှုန်း)ဖြင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၀၀ လျှင် တစ်နှစ် ၅ ရာခိုင်နှုန်း(တစ်လ- ၄၂ ပြား)နှုန်းဖြင့်လည်းကောင်း အလွန်သက်သာသောအတိုးနှုန်းထားဖြင့် ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများသို့ ငွေချေးရာတွင် အချိန်စေ့ပေးဆပ်ရန် ငွေပြေကျေပြီးသူဖြစ်ရမည်ဆိုသော စည်းကမ်းချက်ပါရှိပါတယ်။ အချိန်စေ့ ငွေမကျေသူကို ငွေထပ်ကာထပ်ကာချေးပါက ၎င်းအနေနှင့်လည်း အကြွေးပေါ်အကြွေးဆင့်သလို ပြန်မဆပ်နိုင်ပါက နိုင်ငံတော်ငွေကြေးများလည်း ဆုံးရှုံးနစ်နာသွားမည်ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အထက်ဖော်ပြပါအတိုင်း တောင်သူလယ်သမားများသို့ ငွေချေးပေးရာတွင် သတ်မှတ်ကာလအတွင်း မြန်မာ့စီးပွားရေးဘဏ်သို့ အတိုးနှင့်တစ်ကွ ပြန်လည်ပေးဆပ်နေရခြင်းဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသော ပြန်လည်ပေးဆပ်ရန် အခက်အခဲဖြစ်နေသည့် တောင်သူလယ်သမားများအတွက် ဖြေလျှော့ပေးရန်ကိစ္စမှာ ဘဏ်စည်းမျဉ်းစည်းကမ်းများအရ ဆောင်ရွက်ပေး၍ မရနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ သို့သော် သဘာဝဘေးဒဏ်ကြောင့် သီးနှံပျက်စီးမှုဖြစ်ပြီး ပျက်စီးချိန်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြပါက မြို့နယ်ဘဏ်ခွဲက ပူးပေါင်းအဖွဲ့နှင့် ကွင်းဆင်းစစ်ဆေး၍ အမှန်ပျက်စီးသည်ဆိုပါလျှင် ဒေသအာဏာပိုင်အဆင့်ဆင့်၏ ထောက်ခံချက်ဖြင့် ဘဏ်နည်းဥပဒေ အခန်း(၆) နည်းဥပဒေ ၃၀ အရ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ ပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်ပါတယ်။

ထို့အပြင် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးမှုများ အထူးများပြားစွာဖြစ်ပေါ်ပါက ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အပိုင်း(၄) ပုဒ်မ ၂၃ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ မျိုးဖိုးများနှင့် စိုက်စရိတ်များ တောင်သူလယ်သမားများသို့ ထောက်ပံ့ပေးနိုင်ရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်နိုင်ခွင့်ရှိပါတယ်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ် ဇွန်လ၊ ဇူလိုင်လအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး မိုးခေါင်သီးနှံပျက်စီးမှုအတွက် သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၁၅.၂၅၉ ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုအတွက် သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၁၀၄၇.၇၈ ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ပါတယ်။ ထို့အပြင်လည်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများအတွက် ယခု

ရေးဆွဲ ဆောင်ရွက်လျက်ရှိသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းပေါ်ထွက်လာပါကလည်း တောင်သူလယ်သမားများအနေဖြင့် အဆိုပါ ဥပဒေ၊ နည်းဥပဒေ၏ အကျိုးသက်ရောက်မှုများကို မလွဲမသွေခံစားရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**သင့်လျော်သည့်လျော်ကြေး၊ နစ်နာကြေးပေးခြင်းများကို ကာယကံရှင်များနှင့် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ပေးသင့်ကြောင်းဆိုသည်နှင့်အညီ ဗိုလ်တထောင်မြို့နယ် COD ဝင်း မြေကွက်များ၏ မူလမြေပိုင်ဆိုင်မှု အထောက်အထားမှန်ကန်သူ ပြည်သူများနှင့် မည်သည့်အချိန် ကာလတွင် တွေ့ဆုံညှိနှိုင်းပေးမည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင် ရရှိထားသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ အကာအကွယ်ပေးရမယ်ဟူ၍ ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြား မြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ကြည်တင်သွင်းသည့် ပဋိပက္ခအသွင်ဆောင်သည့် ထူးခြားဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်လာမှုမရှိစေရေးအတွက် မြေယာသိမ်းဆည်းခံရမှုကိစ္စများကို အလေးအနက်ထား ဖြေရှင်းဆောင်ရွက်ပေးရေးအဆိုကို ၉-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက အတည်ပြုပြီးဖြစ်ပါတယ်။ ယင်းအဆို အပိုဒ် ၅ မှာ ဗိုလ်တထောင်မြို့နယ် COD ဝင်းမြေနေရာ သိမ်းဆည်းထားခြင်းကိစ္စနှင့်ပတ်သက်၍ မူလမြေပိုင်ရှင်များအား ဆောက်လုပ်ဆဲ တိုက်ခန်းများတွင် အခမဲ့ချထားခြင်း၊ သင့်လျော်သည့်လျော်ကြေး၊ နစ်နာကြေးပေးခြင်းများကို ကာယကံရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသင့်ကြောင်း ဖော်ပြပါရှိပါတယ်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်အနေနဲ့ ၁၂-၈-၂၀၁၄ နေ့စွဲဖြင့် ကြယ်ပွင့်မပြမေးခွန်းမေးခဲ့ရာ ၂၄ ခန်းတွဲ ၁၈ ထပ် အဆောက်အအုံ ဆောက်လုပ်ရန် စီမံကိန်းရှိကြောင်း၊ ၎င်းစီမံကိန်းပြီးပါက မူလမြေပိုင်ဆိုင်မှု အထောက်အထားမှန်သူများအား Class ခွဲ၍ပေးမည်ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကြောင်းပြန် ခဲ့ပါတယ်။ ၎င်းဖြေကြားချက်ကို သုံးသပ်ကြည့်လျှင် နှစ်ပေါင်းများစွာနစ်နာဆုံးရှုံးနေရသော မြေ သိမ်းခံပြည်သူများအနေဖြင့် နှစ်ချီ၍ကြာမည်ဖြစ်သော စီမံကိန်းတစ်ခုကို ထပ်မံစောင့်ရမည့်

အခြေအနေဖြစ်ပါတယ်။ အချို့သော စီမံကိန်းများဟာ အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်းများစွာ ကြန့်ကြာ နေရသည်များရှိခဲ့ပါတယ်။ ထင်ရှားတဲ့ဥပမာတစ်ခုအနေနဲ့ COD ဝင်းအတွင်း Botataung Time Square Project ဟာ ၃၀-၅-၂၀၀၄ ကနေပြီးတော့ ၃၀-၈-၂၀၀၉ ရက်နေ့အထိ သတ်မှတ် ဆောင်ရွက်ခဲ့သော်လည်း ယနေ့ ၁၀ နှစ်ကြာတဲ့အချိန်အထိ ထိရောက်စွာအကောင်အထည်မဖော်နိုင် သေးပါ။ သို့ဖြစ်၍ မြေသိမ်းခံပြည်သူများအနေဖြင့် လောလောဆယ်လက်တွေ့ဆန်သည့် နှစ်ဦးနှစ်ဖက် သင့်တင့်မျှတသည့် ဖြေရှင်းဆောင်ရွက်မှုများကို လိုလားကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ (က) ဖြေရှင်းမှုကြန့်ကြာနှောင့်နှေးလာသည်နှင့်အမျှ ပြည်ထောင်စုလွှတ်တော်လယ်ယာမြေကော်မရှင်က ထောက်ပြစိုးရိမ်သည့် ပဋိပက္ခအသွင်ဆောင်သောဖြစ်စဉ်များ ထပ်မံပေါ်ပေါက်လာနိုင်ခြင်းကို ရှောင် ရှားရန်လည်းကောင်း၊ (ခ) မူလမြေပိုင်ဆိုင်မှု အထောက်အထားမှန်ကန်သူ ပြည်သူများအနေနဲ့ နှစ်ပေါင်းများစွာနစ်နာဆုံးရှုံးခဲ့ကြသူများဖြစ်သည့်အပြင် လူမှုရေး၊ ကျန်းမာရေး အခက်အခဲကြီးစွာ ကြုံတွေ့နေကြသူများ ပါဝင်နေ၍လည်းကောင်း၊ (ဂ) အထူးသဖြင့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် နေ့က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာ နိုင်ငံတော်သမ္မတက မြေယာကိစ္စများနှင့်ပတ်သက် ပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေနှင့် ကြန့်ကြာမှုများ၊ နှောင့်နှေးမှုများမရှိအောင် ဆောင်ရွက်ကြရန်နှင့် ပြည်သူများအားကိုးယုံကြည်သည့်အစိုးရအဖြစ် သမိုင်းတွင်ကျန်ရစ်စေရန် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း မိန့်ကြားချက်နှင့်အညီဖြစ်ရန်လည်း ကောင်း၊ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အာဏာပိုင်အဖွဲ့အစည်းများ အနေနဲ့ အထက်ဖော်ပြပါ ကော်မရှင်၏အဆို အပိုဒ် ၅ ပါ သင့်လျော်သည့်လျော်ကြေး၊ နစ်နာကြေးပေး ခြင်းများကို ကာယကံရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသင့်ကြောင်း ဆိုသည်နှင့်အညီ ဗိုလ်တထောင် မြို့နယ် COD ဝင်းမြေ 9L ၊ 9L1၊ 9K မြေကွက်များ၏ မူလမြေပိုင်ဆိုင်မှုအထောက်အထားမှန်ကန်သူ မြေသိမ်းခံပြည်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ နှစ်ဦးနှစ်ဖက် အကျေအလည် တွေ့ဆုံညှိနှိုင်း ပြီး နှစ်ဖက်သဘောတူ သင့်တင့်မျှတသည့်အဖြေ၊ ဆုံးဖြတ်ချက်ရရှိနိုင်ရန် မည်သည့်အချိန်ကာလတွင် အမြန် ဆုံးတွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် မရှိပါကမည်သည့်အကြောင်းကြောင့် မရှိသည်၊ ရှိပါကမည်သည့်ကာလတွင် ညှိနှိုင်း၍ မည်သည့်အချိန်တွင် နှစ်ဖက်သဘောတူ သင့်တင့် မျှတ၍ လက်တွေ့ဆန်သော အဖြေရရှိသည်အထိ အပြီးသတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

## ဖြေကြားချက်

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာသန်းဝင်းမှမေးမြန်းထားတဲ့ ဗိုလ်တထောင်မြို့နယ် COD ဝင်းမြေ၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကဆောက်လုပ်ရေး ကုမ္ပဏီငါးခုတို့ အကျိုးတူ ပူးပေါင်းဆောက်လုပ်နေတဲ့ Botataung Time Square အိမ်ရာစီမံကိန်းနှင့်ပတ်သက်ပြီးတော့ COD ဝင်းမူလမြေကွက်များရဲ့ မြေပိုင်ဆိုင်မှု အထောက်အထားမှန်ကန်သူ ပြည်သူများအားသင့်လျော်သည့် လျော်ကြေး၊ နစ်နာကြေးပေးခြင်းများကို မည်သည့်ကာလတွင် တွေ့ဆုံညှိနှိုင်းပေးမည်ကို သိလိုကြောင်း မေးမြန်းထားခြင်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဗိုလ်တထောင်မြို့နယ် COD ဝင်းမြေနေရာ မူလ မြေကွက်များရဲ့ မြေပိုင်ဆိုင်မှုအထောက်အထားမှန်ကန်သူ ပြည်သူများအား အဖွဲ့ဖြင့် စနစ်တကျ စိစစ်ထားပြီး ဖြစ်ပါတယ်။ မြေပိုင်ဆိုင်မှု အထောက်အထားမှန်ကန်စွာ တင်ပြနိုင်သူများ စာရင်းကို လည်းပဲ အများပြည်သူများ ကြည့်ရှုနိုင်ရန် သက်ဆိုင်ရာဗိုလ်တထောင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးရှေ့တွင်လည်းကောင်း၊ လွှတ်တော်မှဖွဲ့စည်းပေးထားတဲ့ လယ်ယာမြေ ကော်မရှင်နှင့် ညှိနှိုင်းပြီးတော့ ကြော်ငြာသင်ပုန်းများမှာ စိစစ်ပြီးဦးရေ ၂၂၀ ဦးအား ကြော်ငြာ ကပ်ထားပြီးဖြစ်ပါတယ်။ ဒီကြော်ငြာနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ဒီမှာ Power Point နှင့် တင်ပြရရင် မြေတိုင်းရပ်ကွက်အမှတ် 9L, 9L-1 နှင့် 9K မှာရှိတဲ့ပုဂ္ဂိုလ်များအနက်က ဂရန် မူရင်းနှင့်မိတ္တူ တင်ပြနိုင်တာ စုစုပေါင်း ၁၇၅ ဦးရှိပါတယ်။ မြေငှားပြေစာနှင့် အခြားအထောက်အထား တင်ပြနိုင်တာ ၄၅ ဦးရှိပါတယ်။ ဒီဟာ စုစုပေါင်း ၂၂၀ ဦး ကျွန်တော်တို့ စစ်ဆေးရရှိထားတာဖြစ်ပါ တယ်။ ဒီ ၂၂၀ ဦး ကတော့ ဒီမှာ ကျွန်တော်တို့ အသေးစိတ် ဒါတွေကို ကျွန်တော်တို့ ဒီမှာ စိစစ်ပြီးဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ စုစုပေါင်း ၂၂၀ ဦးရရှိထားတာဖြစ်ပါတယ်။ ဒီလို ၂၂၀ ဦးနဲ့ ပတ်သက်လို့လည်းပဲ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီးတော့ ကန့်ကွက်ရန်ရှိရင် ကန့်ကွက်နိုင်ကြောင်းကို

၃-၁၀-၂၀၁၄ ရက်နေ့ ထုတ်တဲ့ နိုင်ငံပိုင်သတင်းစာတွေဖြစ်တဲ့ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများမှာလည်း ကြော်ငြာ များထည့်ထားပါတယ်။ ဒီကြော်ငြာကတော့ ဒါဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှာ ကြေးမုံနဲ့မြန်မာ့အလင်းမှာ ကျွန်တော်တို့ ထည့်ထားတဲ့ကြော်ငြာဖြစ်ပါတယ်။ ဒီကြော်ငြာတွေကို သတ်မှတ်ထားတဲ့ ကြော်ငြာရက်ပြည့်ပြီးတဲ့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှာ ကြော်ငြာထားတဲ့အတိုင်း ပွင့်လင်းမြင်သာစွာ တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ COD ဝင်းမြေနေရာ မူလမြေကွက်ပိုင်ရှင်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့အစီအစဉ်နဲ့ ယခုတည်ဆောက်ဆဲ အိမ်ယာစီမံကိန်းဝင်းအတွင်းမှာပဲ အိမ်ခန်း တစ်ယူနစ်လျှင် ၆၅၀ စတုရန်းပေကျယ်ဝန်းတဲ့ တိုက်ခန်းသစ်များကို နေရာချထားပေးသွားမှာဖြစ်ပါတယ်။ ပြန်လည်နေရာချထားပေးနိုင်ရေးအတွက်လည်း အခန်းလုံလောက်မှုရှိစေရန်အတွက် တည်ဆောက်ချိန်ကာလမြန်မြန်ဆန်ဆန်ပြီးစီးနိုင်ရေးကိုရှေးရှုပြီး အဆောက်အဦဒီဇိုင်း၊ အုတ်မြစ်ဖောင်ဒေးရှင်း ဒီဇိုင်းများအသင့်ရေးဆွဲထားပြီးဖြစ်တဲ့ ၂၄ ခန်းတွဲ ၁၄ထပ် အဆောက်အဦနှစ်လုံး ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါအဆောက်အဦနှစ်လုံး ဆောက်လုပ်ရန်အတွက် မြေသားခံနိုင်ဝန်စမ်းသပ်ချက် Soil Test လုပ်ငန်းဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက် ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်မှာ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပြီးတော့ လုပ်ငန်းကာလကို တစ်နှစ်ခွဲအတွင်း အပြီးသတ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်နည်းဥပဒေ ပုဒ်မ၁၄၄(ဃ)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို ကျွန်တော်မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်မေးတဲ့ အဓိကမေးခွန်းရဲ့ မေးခွန်းကတော့ ကျွန်တော်တို့အခုဟာက သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တစ်ဖက်သတ်ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်သလိုဖြစ်ပါတယ်။ ကျွန်တော်ဒီမှာမေးတာက ဒီလိုအဖြေတစ်ခုရရှိအောင် မြေသိမ်းခံပြည်သူများနဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေဟာ ဖြေရှင်းမှု နှစ်ဦးနှစ်ဖက်သင့်တင့်မျှတတဲ့ အဖြေရရှိအောင် ညှိနှိုင်းဆောင်ရွက်မှုမျိုးကို လုပ်ဖို့ရှိသလား၊ မရှိသလား။ မရှိရင်ဘာကြောင့် မရှိသလဲဆိုတာကို ကျွန်တော်မေးထားတာဖြစ်ပါတယ်။ အဲ့မေးခွန်းကို ထပ်မံပြီးတော့ ကျွန်တော်မေးပါတယ်။ နောက်တစ်ခုဟာလည်းပဲ ဒီလိုလုပ်ခြင်းအားဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက မြေပိုင်ရှင်များကို နစ်နာကြေးခံစားခွင့်တွေပေးဖို့ဆုံးဖြတ်ထားပြီးဖြစ်သလို မူလမြေပိုင်ရှင်များဟာလည်း လက်တွေ့ဆန်တဲ့ ဖြေရှင်းဆောင်ရွက်မှုများ

အလိုရှိနေပြီးတော့ မည်သည့်စီမံကိန်းကိုမှ အဟန့်အတားအနှောင့်အယှက်မဖြစ်စေလိုကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ညှိနှိုင်းဆောင်ရွက်မှုမျိုးကို လိုချင်တဲ့အတွက် အမြန်ဆုံးတွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ မရှိရင်ဘာကြောင့်မရှိလဲ။ ရှိမယ်ဆိုလို့ရှိရင် ဘယ်အချိန်မှာ ညှိနှိုင်းမယ်ဆိုတာကို ကျွန်တော်မေးထားတဲ့အတွက် အဲ့ဒီမေးခွန်းကို ထပ်မံပြီးတော့ ဖြေဆိုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့ ပထမမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးမှုများနဲ့ ပတ်သက်ပြီးတင်ပြရရင် ကျွန်တော်တို့ စုစုပေါင်း ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဖိတ်ခေါ်နေတဲ့အခါမှာ စုစုပေါင်းဦးရေ ၂၈၀ ဦးကို ကျွန်တော်တို့ရရှိပါတယ်။ ဒီ ၂၈၀ ဦးကို လည်းပဲ ကျွန်တော်တို့ဌာနတစ်ခုထဲတင်မဟုတ်ပါဘူး။ သက်ဆိုင်ရာလွှတ်တော်က ဖွဲ့စည်းပေးထားတဲ့ မြေယာကော်မရှင်အဖွဲ့အပါအဝင် ကျွန်တော်တို့ ဒါတွေကို အသေးစိတ်စိစစ်တာဖြစ်ပါတယ်။ စိစစ်တဲ့အခါမှာလည်းပဲ ကျွန်တော်ခုနတင်ပြခဲ့တဲ့အတိုင်း ၂၈၀ ထဲက ၂၂၀ ဦး ကျွန်တော်တို့ရရှိမှာဖြစ်ပါတယ်။ ဒီလို ၂၂၀ ဦးရရှိတဲ့အတွက် ဒီ ၂၂၀ ဦးကိုလည်း ကျွန်တော်တို့က ပွင့်လင်းမြင်သာစွာ သက်ဆိုင်ရာ ကြော်ငြာသင်ပုန်းတွေမှာ ကပ်ပြီးတော့ လူကိုယ်တိုင်ကိုလည်းပဲခေါ်တွေ့ပြီးတော့ ကျွန်တော်တို့ ကော်မရှင်များနဲ့ပါ ပူးပေါင်းပြီးတော့ ရန်ကုန်တိုင်းလယ်ယာမြေသိမ်းဆည်းရေးကော်မရှင်နဲ့ ကျွန်တော်တို့ပူးပေါင်းပြီးတော့ ဒါစစ်ဆေးဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ဒါကကျွန်တော်တို့ ပထမမေးခွန်း ဖြစ်ပါတယ်။ ဒုတိယမေးခွန်းနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ဒီလို ၂၂၀ ဦးကိုခေါ်ယူတွေ့ဆုံပြီးတဲ့အခါမှာ ပိုပြီးတော့ မှန်မှန်ကန်ကန်ဖြစ်အောင်ဆိုပြီး ကျွန်တော်တို့ ကြော်ငြာသင်ပုန်းတွေကပ်ပါတယ်။ ကပ်ပြီးရင်လည်း ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့ ကန့်ကွက်မယ့်ပုဂ္ဂိုလ်များ၊ ထောက်ခံမယ့်ပုဂ္ဂိုလ်များစသည်ဖြင့် ဒါတွေကို ပြန်လည်စိစစ်ဖို့ဆိုပြီး ကျွန်တော်တို့က သတင်းစာထဲမှာ တစ်လတိတိ အချိန်ပေးပြီး ကြော်ငြာတာဖြစ်ပါတယ်။ ဒါတွေကြော်ငြာပြီးတဲ့အခါမှာ အားလုံးအချက်အလက်ပြည့်ပြည့်စုံစုံမှန်မှန်ကန်ကန် ဖြစ်သွားပြီးရင်၊ ကြော်ငြာတဲ့ရက် တစ်လပြည့်တဲ့နေ့ နိုဝင်ဘာလ ၃ ရက်နေ့မှာ ဒီအဖွဲ့တွေကို ကျွန်တော်တို့ အားလုံးပြန်လည်ခေါ်ဆိုပြီးတော့ အသေးစိတ်ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာပြန်လည် တင်ပြအပ်ပါတယ်ခင်ဗျား။

**ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား အဆင့်မြှင့်တင်တိုးချဲ့ရန် ပြည်ပနိုင်ငံများမှ အကူအညီပေးရန် ကမ်းလှမ်းလာခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇော်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးမင်းဇော်လင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရန်ကုန်- နေပြည်တော်- မန္တလေး အမြန်လမ်းနှင့် ပတ်သက်သော မေးခွန်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ရန်ကုန်- နေပြည်တော်- မန္တလေးအမြန်လမ်းမကြီးဟာ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်ဒေသအသီးသီးဆီသို့ ၎င်းမှတစ်ဆင့်လွယ်ကူစွာဆက်သွယ် သွားလာနိုင်သောကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ သွားလာမှုအများဆုံးအရေးပါသော၊ အဓိကကျသော ကျောရိုးသယ်ယူပို့ဆောင်ရေးလမ်းမကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။ ထို့အပြင် နိုင်ငံတကာမှသံတမန် အရာရှိကြီးများ သွားလာအသုံးပြုသည့် လမ်းဖြစ်သောကြောင့် နိုင်ငံ့ဂုဏ်ဆောင်လမ်းမကြီးတစ်ခု လည်းဖြစ်ပါတယ်။ အခြားလမ်းများထက် အချိန်တိုအတွင်းသွားလာနိုင်ခြင်း၊ ယာဉ်လမ်းကြောင်း ရှင်းလင်းခြင်းများကြောင့် ယာဉ်မောင်းများအနေဖြင့် အနှောင့်အယှက်ကင်းစွာ သင့်တင့်သောအာရုံ စူးစိုက်မှုဖြင့် သွားလာနိုင်သောကြောင့်ယာဉ်များ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်ဖြတ်သန်းသွားလာ နေကြောင်းလည်း သိရှိရပါတယ်။ သို့သော်လည်း ယနေ့ခေတ်ပေါ်ကားများ၏ အရှိန်နှုန်းမြန်ဆန်စွာ သွားလာနိုင်ခြင်းအပေါ်အသုံးချကာ မိမိလိုရာခရီးကို အချိန်တိုအတွင်း ဆောလျင်မြန်ဆန်စွာရောက်ရှိ နိုင်စေရေးအတွက် သတ်မှတ်ထားသော မိုင်နှုန်းထက်ပိုမိုမောင်းနှင်ခြင်းများကြောင့်သော်လည်း ကောင်း၊ လမ်းများတွင်လှိုင်းများဖြစ်ပေါ်နေခြင်းကြောင့်သော်လည်းကောင်း၊ ယာဉ်မောင်းများအိပ်ငိုက် ခြင်းများကြောင့်သော်လည်းကောင်း၊ မော်တော်ကားဘီးများ သုံးစွဲချိန်ကြာမြင့်သဖြင့် ကွဲထွက်သွား ခြင်းများကြောင့်သော်လည်းကောင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် မော်တော်ကား လမ်းဘေးဝဲယာ သို့ သွေဖယ်သွားပါက ပြန်လည်ဆယ်တင်ရန် လမ်းမအကျယ်နည်းပါးခြင်းတို့ကြောင့် မတော်တဆ ဖြစ်ပွား မှုများပြားလာကြောင်းနှင့် လူ့အသက်ဆုံးရှုံးမှု များပြားလာကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍အောက်ပါအချက်များကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (က) ရန်ကုန်- နေပြည်တော်- မန္တလေးအမြန်လမ်းမကြီးအား နိုင်လွန်ကတ္တရာ

ခင်းခြင်းနှင့် အဆင့်မြှင့်တင်တိုးချဲ့ရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက ပြုလုပ်ပေးမည့်အချိန်ကာလနှင့် အရည်အသွေးသတ်မှတ်ချက်များ၊ (ခ) ပြည်ပနိုင်ငံများအား ငွေကြေးအားဖြင့်သော်လည်းကောင်း၊ နည်းပညာအားဖြင့် သော်လည်းကောင်း အကူအညီပေးရန်ကမ်းလှမ်းလာခြင်းရှိ/မရှိနှင့် ရှိပါက မည်သည့်နိုင်ငံကဖြစ်ကြောင်းနှင့် အကူအညီပေးသော အတိုင်းအတာပမာဏကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့အနေနဲ့ ဆက်လက်ပြီးတော့ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမင်းဇော်လင်းမှ မေးမြန်းထားတဲ့ ရန်ကုန်- နေပြည်တော်- မန္တလေးအမြန်လမ်းမကြီးအား ကတ္တရာခင်းခြင်းဖြင့် အဆင့်မြှင့်တင်တိုးချဲ့ရန် အစီအစဉ်ရှိ/မရှိနှင့် ပြည်ပနိုင်ငံများမှ ငွေကြေးအားဖြင့်သော်လည်းကောင်း၊ နည်းပညာအားဖြင့် သော်လည်းကောင်း အကူအညီပေးရန် ကမ်းလှမ်းလာခြင်းရှိ/မရှိမေးခွန်းနဲ့ စပ်လျဉ်း၍ပြန်လည် ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဟာ ၃၃၆ မိုင် ၃ ဖာလုံရှည်လျားပြီးတော့ ၂၅ ပေအကျယ် ကွန်ကရစ်လမ်းခင်းထားတဲ့ဟာ ဖြစ်ပါတယ်။ အဆိုပါ ကွန်ကရစ်လမ်းပေါ်မှာ ကတ္တရာ ကွန်ကရစ် AC ခင်းခြင်း ၄၁ မိုင် ၁ ဖာလုံကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၂၅ ပေ အကျယ် ကတ္တရာ ကွန်ကရစ်လမ်း AC ခင်းခြင်း ၃၆ မိုင် ၃ ဖာလုံကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့အပိုင်းများကိုလည်း ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ကတ္တရာကွန်ကရစ်လမ်း AC ခင်းခြင်း လုပ်ငန်းကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဆိုပါလမ်းကို မျက်နှာပြင်မညီညာတဲ့အပိုင်းများကို ဦးစားပေးပြုပြင်ပေးလျက်ရှိပြီးတော့ ယာဉ်မောင်းများအား သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ခြင်းမပြုရန်၊ အိပ်ငိုက်မှုမရှိစေရန် တိုက်တွန်းနှိုးဆော်လျက်ရှိပါတယ်။ ယာဉ်များအန္တရာယ်ကင်းရှင်းစေရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ ယာဉ်ကြံ့ခိုင်မှု ယာဉ်မောင်းလိုင်စင်၊ ကားလိုင်စင်များကို ထောက်ကြန့်အမှတ် ၃ လမ်းဆုံ၊ မိတ္ထီလာသီးကုန်းနဲ့ တံတားဦးလေဆိပ်အနီး စကားအင်း Toll gate များတွင် စစ်ဆေးကြပ်မတ်လျက်

ရှိပါတယ်။ လမ်းတစ်လျှောက်ခရီးသည်တင် ယာဉ်များသတ်မှတ် စည်းကမ်းများအတိုင်း မောင်းနှင်စေရေးကိုလည်း B-Smart ဆက်သွယ်ရေးစနစ်နဲ့ ထိန်းသိမ်းနိုင်ရန် ညှိနှိုင်းလျက်ရှိပြီး အမြန်လမ်းရဲတပ်ဖွဲ့မှလည်းအရှိန်နှုန်းတိုင်း ကိရိယာများနဲ့ တိုင်းတာစစ်ဆေးကြပ်မတ်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အဆင့်မြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံ JICA၊ ကိုးရီးယားနိုင်ငံ MOLIT- Koica ၊ ကမ္ဘာ့ဘဏ် ADB၊ အမေရိကန်နိုင်ငံ US Aid စတဲ့ အဖွဲ့အစည်းများနဲ့ ကျွမ်းကျင်မှုနည်းပညာ (Technical Assistance)၊ ငွေကြေးထောက်ပံ့မှု အကူအညီများ (Financial Assistance)ရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာရှင်းလင်းတင်ပါအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**အချိန်၊ ၁၀း၅၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၃ ခုနှစ်၊ အသက်ဘေး အန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာများ အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို ၁၆-၁၀-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက် မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၁၀-၂၀၁၄ ရက် (သောကြာနေ့) နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန်နှင့် သင့်တော်သောနည်းလမ်းကို ရွေးချယ်ရေးအတွက် လေ့လာသုံးသပ်ရေးကော်မရှင်က အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာတင်ပြဖို့ ကော်မရှင်အားဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ

တယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေဖို့ လေ့လာ သုံးသပ်ရေးကော်မရှင်ရဲ့ လေ့လာတင်ပြချက်အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွား မှာဖြစ်ပြီး အစီရင်ခံစာရဲ့ အဓိကအချက်များကို ထုတ်နုတ်တင်ပြခြင်းနဲ့အတူ သုံးသပ်တွေ့ရှိတဲ့ ရွေးကောက်ပွဲနည်းလမ်း ရှစ်ခုကိုပါတင်ပြသွားမှာမို့ Power Point နဲ့တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှာ အဖွဲ့ဝင် ၂၄ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ပထမအချိန်ကာလအနေနဲ့ ရက်ပေါင်း ၆၀ ဖြစ်ပြီးတော့ ဒုတိယခွင့်ပြုတဲ့ အချိန်ကာလ ၂၁ ရက်ဖြစ်ပါတယ်။ စုစုပေါင်း ၈၁ ရက်ဖြစ်ပါတယ်။ တင်ပြထားတဲ့ဇယားကတော့ ကျွန်တော်တို့ ကော်မရှင်ဖွဲ့စည်းတဲ့အခါမှာ လွှတ်တော်အတွင်းမှာရှိတဲ့ နိုင်ငံရေးပါတီအသီးသီးရဲ့ အချိုးကျမှုအနေအထားပေါ် မူတည်ပြီးတော့ ကော်မရှင်ကို ဖွဲ့စည်းမှုအချိုးအစားသင့်တင့်မျှတမှန်ကန် ကြောင်းလေ့လာသုံးသပ်နိုင်ဖို့အတွက်တင်ပြထားခြင်း ဖြစ်ပါတယ်။

ကော်မတီရဲ့အခြေခံမူအနေနဲ့ ပါတီများကို အခြေမခံပါဘူး။ အမျိုးသားအကျိုးစီးပွားကိုသာ အခြေခံပါတယ်။ ရည်ရွယ်ချက်အနေနဲ့ နိုင်ငံတော်ရဲ့ဒီမိုကရေစီဖော်ဆောင်မှုကို အထောက်အကူပြုမှု အများဆုံးရရှိနိုင်တဲ့ ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေဖို့ ဖြစ်ပါတယ်။ ယနေ့ နိုင်ငံတကာမှာလက်တွေ့ ကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်တွေကို တင်ပြထားခြင်းဖြစ်ပါတယ်။ ယနေ့ နိုင်ငံတကာမှာ တရားဝင် ကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်နည်းလမ်းများအရ ၁၂ ခုရှိပါတယ်။ ဒီထဲကနေပြီးတော့ တင်ပြထား တဲ့အတိုင်း FPTP စနစ်နဲ့ ၄၇ နိုင်ငံ၊ B.V လို့ခေါ်တဲ့ Block Vote နဲ့ ၁၅ နိုင်ငံ၊ ပါတီ Block Vote လို့ခေါ်တဲ့ B.V နှင့် လေးနိုင်ငံ၊ Alternative Vote လို့ခေါ်တဲ့ A.V စနစ်နှင့် သုံးနိုင်ငံ၊ T.R.S လို့ခေါ်တဲ့ Two Round System နဲ့ ၂၂ နိုင်ငံ၊ List P.R လို့ခေါ်တဲ့စနစ်နှင့် နိုင်ငံပေါင်း ၇၀၊ STV လို့ခေါ်တဲ့ Single Transfer စနစ်နှင့် နိုင်ငံနှစ်နိုင်ငံ၊ MMP နဲ့ ကိုးနိုင်ငံ၊ Parallel System နှင့် ၂၁ နိုင်ငံ၊ SNTV လို့ခေါ်တဲ့ Single Non-transferable Vote နှင့် လေးနိုင်ငံ၊ BC လို့ခေါ်တဲ့ Bottle Count နဲ့ တစ်နိုင်ငံ၊ LV လို့ခေါ်တဲ့ Limited Vote နဲ့ တစ်နိုင်ငံ၊ စုစုပေါင်း ၁၉၉ နိုင်ငံအားလုံးသည် တင်ပြထားတဲ့အတိုင်း စနစ်များကို အသီးသီးအသုံးပြုနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ယနေ့ဖွဲ့စည်းမှုအရ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှာ ခရိုင် ပေါင်း ၇၃ ခရိုင်၊ မြို့နယ်ပေါင်း ၃၃၀၊ မြို့ပေါင်း ၄၁၇ ခုရှိပါတယ်။ ဒီတင်ပြခဲ့တဲ့မြို့နယ်များသည်

ကျွန်တော်တို့ ရွေးကောက်ပွဲစနစ်မှာ အခြေခံရမယ့်မြို့တွေမှာ ဖြစ်ပါတယ်။ အခုတင်ပြထားတဲ့လူဦးရေ ကတော့ ဝန်ကြီးဌာနကနေ ၂၀၁၄ ခုနှစ်၊ ရွှေ့ပြောင်းသန်းခေါင်စာရင်းအရ ကောက်ယူထားတဲ့ စာရင်း ဖြစ်ပါတယ်။ လာမယ့် ၂၀၁၅ ခုနှစ်မှာ ဒါကိုအခြေခံမှာ ဖြစ်ပါတယ်။ အကြမ်းဖျင်းတော့ ရွှေ့ပြောင်း စာရင်းအရ တင်ပြထားတဲ့အတိုင်း တစ်နိုင်ငံလုံးမှာ ၅၁ သန်းကျော်လို့ လေ့လာတွေ့ရှိရပါတယ်။ ဒီထဲမှာ မကောက်ယူနိုင်တဲ့ ဒေသများနှင့်ပတ်သက်ပြီး ၁၂၆၀၃၅၃ ဦးရှိပါတယ်။ ဒါတွေကတော့ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်စသဖြင့် ဒီဒေသတွေမှာ အခြေအနေအရ မကောက် ယူနိုင်တော့တဲ့စာရင်းဖြစ်ပါတယ်။ တင်ပြလိုတာကတော့ လူဦးရေ ၅၁ သန်းကို အကြမ်းဖျင်းအခြေခံ ကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကော်မရှင်ရဲ့ ဆောင်ရွက်ချက်များဖြစ်ပါတယ်။ ကော်မရှင်သည် သက်တမ်း ကာလအတွင်းမှာ ရွေးကောက်ပွဲကိစ္စများနှင့်စပ်လျဉ်းပြီးတော့ ကော်မရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်း ဆွေးနွေးပါတယ်။ အမျိုးသားမှတ်ပုံတင်မော်ကွန်းတိုက်ဦးစီးဌာနနှင့် ဆွေးနွေးပါတယ်။ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ဆွေးနွေးပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်လည်း ဆွေးနွေးပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွှေ့နေချုပ်ရုံးတို့နှင့်လည်း ဆွေးနွေးပါ တယ်။ အလားတူ နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ National Democratic Institute (NDI) နဲ့လည်း ဆွေးနွေးပါတယ်။ အလားတူ IDEA အဖွဲ့နဲ့လည်း ဆွေးနွေးပါတယ်။ Hanns Seidel Foundation နဲ့လည်း ဆွေးနွေးပါတယ်။ လူပုဂ္ဂိုလ်အနေနဲ့ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းတို့နဲ့လည်း ဆွေးနွေးပါတယ်။ အစည်း အဝေးစုစုပေါင်း ဆွေးနွေးပွဲအပါအဝင် ၁၉ ကြိမ် ကျင်းပပြုလုပ်ပါတယ်။ ပထမသက်တမ်းဖြစ်တဲ့ ရက်ပေါင်း ၆၀ ပြည့်တဲ့နေ့ဖြစ်တဲ့ ၃၀-၉-၂၀၁၄ ရက်နေ့မှာ လွှတ်တော်ကို အစီရင်ခံစာနှင့်အတူ ရွေးကောက်ပွဲနည်းလမ်းသုံးခု တင်ပြခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပိုမိုရွေးချယ် နိုင်ဖို့ ရွေးကောက်ပွဲနည်းလမ်းအနည်းဆုံး ခုနစ်ခုကို ယနေ့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် နေ့မှာနောက်ဆုံးထားပြီး လွှတ်တော်ကို တင်ပြရန်ဖြစ်တဲ့အတွက်ကြောင့် ကော်မရှင်ရဲ့သက်တမ်းကို ၂၁ ရက်ထပ်မံတိုးမြှင့်ပေးခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော်နှင့် လိုက်လျောညီထွေမှုရှိမယ့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာဖို့အတွက် လေ့လာသုံးသပ်ရေးကော်မရှင် အနေနဲ့သတ်မှတ်ရက်ဖြစ်တဲ့ ဒီနေ့မှာ ရွေးကောက်ပွဲနည်းလမ်းရှစ်ခုကို လေ့လာသုံးသပ်တင်ပြမှာ ဖြစ်ပါတယ်။

**မူကြမ်း**

ကျွန်တော် ခုနက တင်ပြသွားတဲ့ ရွေးကောက်ပွဲစနစ်များကို လေ့လာမယ်ဆိုရင် သာမန်အားဖြင့် တင်ပြပါအတိုင်း မိသားစုအုပ်စုလေးစုရှိပါတယ်။ အဲ့ဒီကနေ ဆင်းသက်လာတဲ့ စနစ်များဖြစ်တဲ့ FPTP မဲများရင်နိုင်တဲ့စနစ်ဖြစ်ပါတယ်။ သူကတော့ ထိပ်ဆုံးမှာပါတဲ့ Plurality, Majority ရဲ့မိသားစုဝင်ဖြစ်ပါတယ်။ ဒုတိယစနစ်ကတော့ PR ရဲ့ Two Round System ၅၀ ရာခိုင်နှုန်းတစ်မဲ နှစ်ကြိမ်ရွေးရတဲ့ စနစ်ဖြစ်ပါတယ်။ တတိယအမျိုးအစားကတော့ (A.V) Alternative Vote ဖြစ်ပါတယ်။ ဒီစနစ်ကတော့မဲများသူနိုင်ပါတယ်။ သို့သော် ရာခိုင်နှုန်းအားဖြင့် ၅၀ ရာခိုင်နှုန်းတစ်မဲရဖို့လိုပါတယ်။ စတုတ္ထနည်းကတော့ B.V ဖြစ်ပါတယ်။ B.V နဲ့ပတ်သက်လို့ ဒီ Block Vote က မဲဆန္ဒနယ်တစ်ခုမှာ ကိုယ်စားလှယ်နှစ်ဦးနှင့် အထက်ရွေးမယ်ဆိုရင် ဒီစနစ်ကို ကျင့်သုံးကြပါတယ်။ (၅)ကတော့ Party Block Vote အဖွဲ့ ဖြစ်ပါတယ်။ ဒီစနစ်က မဲပေးရွေးချယ်မှုဟာ အရှေ့က B.V နဲ့တူသော်ငြားလည်း ပါတီမဲဖြင့်ရေတွက်တဲ့စနစ် ဖြစ်ပါတယ်။ အခုကျွန်တော်တင်ပြသွားတဲ့ ငါးခုသည် ထိပ်ဆုံးမှာပါတဲ့ မိသားစုအုပ်စုဝင်ဖြစ်တဲ့ Plurality, Majority ရဲ့ အုပ်စုဝင် ငါးခုဖြစ်ပါတယ်။ ဒုတိယကတော့ အရောအနှောစနစ်ဖြစ်တဲ့ Mixed ဖြစ်ပါတယ်။ သူ့အောက်မှာစနစ်နှစ်ခုရှိပါတယ်။ (၁)က Parallel ဖြစ်ပါတယ်။ အပြိုင်စနစ်ဖြစ်ပါတယ်။ ဒီစနစ်ရဲ့ အမှန်တကယ်အနှစ်သာရကတော့ FPTP စနစ်နဲ့ PR စနစ်ကိုပေါင်းစပ်ပြီးတော့ ရတဲ့မဲတွေကို အပေးအယူမလုပ်ဘဲနဲ့၊ အတိုးအလျှော့မလုပ်ဘဲနဲ့ သုံးစွဲတဲ့စနစ်ဖြစ်ပါတယ်။

ဒုတိယတစ်ခုကတော့ (MMP) လို့ခေါ်တဲ့ Mixed Member Proportional ရောနှောအချိုးကျကိုယ်စားပြုစနစ် ဖြစ်ပါတယ်။ ဒီစနစ်က ခုနက ပါဝင်တာနဲ့မတူဘဲနဲ့ FPTP နဲ့ PR ကိုပေါင်းပြီးတော့ သုံးကြရင် အပေးအယူလုပ်ပေးရတဲ့စနစ် ဖြစ်ပါတယ်။ တတိယအုပ်စုကတော့ ယနေ့ပြောနေတဲ့ PR ဖြစ်ပါတယ်။ PR ရဲ့အောက်မှာ နှစ်ခုရှိပါတယ်။ (၁) က List P.R ဖြစ်ပါတယ်။ သူကအမည်စာရင်းတင်သွင်းပြီးတော့ ပြိုင်တဲ့စနစ်ရှိပါတယ်။ အဲ့ဒီ့ထဲမှာမှ နိုင်ငံတကာမှာ စာရင်းသေ/စာရင်းရှင်ဆိုပြီးတော့ ထပ်ပြီးတော့ ခွဲတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခုကတော့ (STV)အရှည်ကောက်တော့ Single Transferable Vote ဖြစ်ပါတယ်။ သူကတစ်ဦးချင်းမဲတွေကို အပေးအယူလုပ်ပြီးတော့ ကျင့်သုံးတဲ့ စနစ်ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ အခြားနည်းများဖြစ်ပါတယ်။ အခြားနည်းများမှာတင်ပြထားတဲ့အတိုင်း သုံးခုရှိပါတယ်။ (၁) က SNTV ဖြစ်ပါတယ်။ Single Non-transferable Vote ဖြစ်ပါတယ်။ သူသည်မဲအပေးအယူမလုပ်ဘဲနဲ့ ရတဲ့မဲနဲ့ ပြိုင်ခိုင်းတဲ့စနစ်ဖြစ်ပါတယ်။ ဒုတိယကတော့ Limited Vote၊ သူကအကန့်အသတ်နဲ့ မဲပေးခိုင်းတဲ့စနစ် ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခု

ကတော့ Borda Count ဖြစ်ပါတယ်။ ဒါကလည်း အပိုင်းကိန်းတွေကို အခြေခံပြီးတော့ ရွေးချယ်တဲ့ စနစ်ဖြစ်ပါတယ်။

ကျွန်တော်တင်ပြလိုတဲ့အချက်ကတော့ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ အခြေခံမိသားစုအုပ်စုရဲ့ ရွေးကောက်ပွဲစနစ် ၁၂ ခုရှိကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တင်ပြသွားတဲ့ မဲအများဆုံးရတဲ့ အနိုင်ယူစနစ်ဖြစ်တဲ့ FPTP စနစ်ရဲ့ အားနည်းချက်နှင့် အားသာချက်များ ဖြစ်ပါတယ်။ အလားတူပဲ ဒုတိယစနစ်ဖြစ်တဲ့ နှစ်ကြော့ပြိုင်စနစ် PR ရဲ့ Two Round System ရဲ့ အားနည်းချက်နဲ့ အားသာချက်များ ဖြစ်ပါတယ်။ (၃) ကြိုက်နှစ်သက်မှုကို ဦးစားပေးထားတဲ့ Alternative Vote ရဲ့ အားနည်းချက်နဲ့ အားသာချက်ဖြစ်ပါတယ်။ (၄) အနေနဲ့ကတော့ ကိုယ်စားလှယ်ကို ဗဟိုပြုပြီးတော့ ပေးတဲ့ Block Vote စနစ်ဖြစ်ပါတယ်။ ဒီစနစ်မှာလည်း အားနည်းချက်/အားသာချက်များကို တင်ပြထားတဲ့အတိုင်း တွေ့ရမှာ ဖြစ်ပါတယ်။ (၅) အနေနဲ့ ပါတီကို ဗဟိုပြုပြီးတော့ရွေးတဲ့ ဗဟု/အများဆုံး ကိုယ်စားပြုစနစ် (P.B.V) Party Block Vote ဖြစ်ပါတယ်။ သူသည်လည်း အားနည်းချက်/အားသာချက်များကို တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အရောအနှောစနစ်မှာပါဝင်နေတဲ့ Parallel အပြိုင်စနစ်ဖြစ်ပါတယ်။ သူ့မှာလည်း အလားတူ အားနည်းချက်တွေ/အားသာချက်တွေ တွေ့ရမှာဖြစ်ပါတယ်။ အဲ့ဒီမှာပါတဲ့ ရောနှောထားသော အချိုးကျစနစ် MMP လို့သုံးပါတယ်။ သူ့မှာလည်း အလားတူ အားနည်းချက်တွေ/အားသာချက်တွေ တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အချိုးကျကိုယ်စားပြုစနစ်ရဲ့အောက်မှာပါဝင်နေတဲ့ စာရင်းလိုက်အချိုးကျကိုယ်စားပြုစနစ် သူ့ကို List P.R လို့ သုံးထားပါတယ်။ သူ့မှာလည်း အလားတူ အားနည်းချက်/အားသာချက်များကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ လွှဲပြောင်းရယူတဲ့ တစ်မဲပေးတဲ့စနစ် Single Transferable Vote (STV) ဖြစ်ပါတယ်။ သူ့မှာလည်း အလားတူပဲ အားနည်းချက်/အားသာချက်များကို ဖော်ထုတ်ထားတာ တွေ့ရမှာ ဖြစ်ပါတယ်။ နောက်ဆုံးဖြစ်တဲ့ အခြားနည်းများထဲမှာတော့ လွှဲပြောင်းပြီးမရတဲ့ တစ်မဲထဲပေးတဲ့စနစ် SNTP ဖြစ်ပါတယ်။ သူ့မှာလည်း အားနည်းချက်/အားသာချက်တွေ တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ကန့်သတ်ထားတဲ့ဆန္ဒမဲပေးတဲ့စနစ် Limited Vote ဖြစ်ပါတယ်။ သူသည်လည်း အားနည်းချက်/အားသာချက်တွေတွေ့ရမှာ ဖြစ်ပါတယ်။ နောက်ဆုံး (၁၂) ခုမြောက်စနစ်ကတော့ Borda Count ဖြစ်ပါတယ်။ အပိုင်းကိန်းပုံစံနဲ့ ဦးစားပေးပြီးတော့ တွက်ချက်တဲ့ မဲပေးတဲ့စနစ်ဖြစ်ပါတယ်။ သူ့မှာလည်း အားနည်းချက်/အားသာချက်များ ဖြစ်ပါတယ်။

**မူကြမ်း**

ကျွန်တော်တင်ပြခဲ့တဲ့ ရွေးကောက်ပွဲစနစ် ၁၂ ခုကို လေ့လာသုံးသပ်တဲ့အခါမှာ အုပ်စုလေးစုက ဆင်းသက်လာတဲ့စနစ် ၁၂ ခုရှိပါတယ်။ နိုင်ငံတကာမှာ ဒီ ၁၂ ခုကို အခြေခံပြီးတော့ မိမိနိုင်ငံရဲ့ အမျိုးမျိုးသောအခြေအနေအကြောင်းကြောင်းကြောင့် အသင့်တော်ဆုံး ရွေးကောက်ပွဲနည်းလမ်းတွေကို နိုင်ငံရဲ့အကျိုးအတွက် လိုက်လျောညီထွေမှုရှိမယ့် နည်းလမ်းတွေကို သုံးသပ်ဖော်ထုတ်ကြပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပုံတူထပ်တူကူးယူလို့မရနိုင်တဲ့အတွက်ကြောင့် ဒီနေ့ကမ္ဘာမှာကျင့်သုံးနေတဲ့ နည်းလမ်းပေါင်း ၁၀၀ ကျော်ရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ရွေးကောက်ပွဲနည်းလမ်းတွေကို လေ့လာတဲ့အခါမှာ အလွန်တရာမှ သိမ်မွေ့နက်နဲသော်ငြားလည်း မဲဆန္ဒရှင်တွေအတွက် လွယ်ကူမှု ရှိဖို့ ဖန်တီးပေးကြရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲနည်းလမ်းတွေမှာ ပြီးပြည့်စုံတဲ့နည်းလမ်းလို့ မရှိပါဘူး။ အားနည်းချက်/အားသာချက်အားလုံးမှာ ရှိကြပါတယ်။ အနည်းနဲ့အများသာကွာခြားကြောင်းလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျင့်သုံးတဲ့နိုင်ငံရဲ့ ပကတိအခြေအနေပေါ်မှာမူတည်ပြီးတော့ ကွဲပြားမှုတွေဖြစ်တာကို တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ဥပမာတင်ပြလိုတာကတော့ (၁) ထိုင်းနိုင်ငံရဲ့ ရွေးကောက်ပွဲစနစ်ဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ ရွေးကောက်ပွဲစနစ်မှာ လက်ရှိရွေးကောက်ပွဲစနစ်ကို ၂၀၁၁ ခုနှစ်မှာ စတင်ကျင့်သုံးပါတယ်။ မဲအများဆုံးရရင် အနိုင်ယူတဲ့ FPTP စနစ်နဲ့ ကိုယ်စားလှယ် ၃၇၅ ဦး၊ မဲဆန္ဒနယ် ၃၇၅ ဦးသတ်မှတ်ပြီးတော့ ရွေးပါတယ်။ မဲဆန္ဒနယ်တစ်ခုမှာ လူဦးရေကို အခြေခံပြီးတော့ လူဦးရေ ၁၀၀၀၀၀ ခန့် သတ်မှတ်ထားရှိပါတယ်။ သို့သော် လူဦးရေရဲ့ အပေါင်းအနုတ် ၃၀ ရာခိုင်နှုန်းသတ်မှတ်ထားပါတယ်။ ကိုယ်စားလှယ်တွေကို မဲပေးတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်က ဥပဒေပြုအမတ်တွေကိုရွေးချယ်ပြီးတော့ ဝန်ကြီးဌာနတွေကို ပြောင်းရွှေ့ခန့်အပ်မယ်ဆိုရင် အဲ့ဒီနေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲပြန်လုပ်ပါတယ်။ ဒီအတွက် ကုန်ကျစရိတ်ကို ဝန်ကြီးဖြစ်သွားတဲ့ကိုယ်စားလှယ်က ကျခံပေးရပါတယ်။ List P.R စနစ်နဲ့ ကိုယ်စားလှယ် ၁၂၅ ဦးကို တစ်နိုင်ငံလုံးမှာ မဲဆန္ဒနယ်တစ်ခုထဲသတ်မှတ်ပြီးတော့ ပါတီကို မဲပေးတဲ့စနစ်နဲ့ ဒုတိယအကြိမ်ရွေးပါတယ်။ ရွေးချယ်ခံရတဲ့ကိုယ်စားလှယ်တွေဟာ အရည်အချင်းရှိတဲ့ လူတော်လူကောင်းတွေဖြစ်ဖို့အတွက် ရွေးချယ်တယ်လို့ဆိုပါတယ်။

မဲဆန္ဒရှင်တစ်ဦးဟာ မဲကတ်ပြားထဲမှာ မဲအများဆုံးရတဲ့ အနိုင်ယူစနစ်၊ FPTP စနစ်အတွက်သော်လည်းကောင်း၊ PR စနစ်အတွက်သော်လည်းကောင်း မဲနှစ်ကြိမ်ပေးကြရပါတယ်။ အနိမ့်ဆုံးသတ်မှတ်ထားတဲ့ ထောက်ခံမဲရာခိုင်နှုန်း၊ သူတို့အသုံးအနှုန်းအရ Threshold သတ်မှတ်ထားခြင်းမရှိပါဘူး။ သူ့ရဲ့စနစ်ကိုတော့ ရောနှောအချိုးကျ ကိုယ်စားပြုစနစ် MMP ကဲ့သို့ အပေးအယူ

မရှိတဲ့စနစ် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ မဲအများဆုံးရရင်အနိုင်ယူတဲ့ FPTP စနစ်အရဖြစ်စေ၊ စာရင်းလိုက်အချိုးကျ ကိုယ်စားပြုစနစ်အရဖြစ်စေ နှစ်ခုလုံးမှာ ဝင်ပြီးတော့ ပြိုင်ခွင့်ရှိပါတယ်။ မဲအများဆုံးရတဲ့ FPTP စနစ်ထက် ကြားဖြတ်ရွေးကောက်ပွဲရှိပါတယ်။ PR စနစ်အတွက် ကြားဖြတ်ရွေးကောက်ပွဲမရှိပါဘူး။ နိုင်ငံတကာက ထိုင်းနိုင်ငံရဲ့စနစ်ကို ကျွန်တော်တင်ပြသွားတဲ့ ၁၂ မျိုးထဲက Parallel စနစ်လို့ သတ်မှတ်ကြပါတယ်။

နောက်တစ်ခုကတော့ ဂျာမနီနိုင်ငံရဲ့ ရွေးကောက်ပွဲစနစ်ဖြစ်ပါတယ်။ လက်ရှိရွေးကောက်ပွဲစနစ်ကို ၂၀၀၅ ခုနှစ်မှာ စတင်ကျင့်သုံးပါတယ်။ မဲအများဆုံးရရင် အနိုင်ယူတဲ့ FPTP စနစ်နဲ့ လွှတ်တော်ကိုယ်စားလှယ် ၅၉၈ ဦးကို သူ့ရဲ့ ၅၀ ရာခိုင်နှုန်းဖြစ်တဲ့ ၂၉၉ ဦးအတွက် မဲဆန္ဒနယ် ၂၉၉ ခု ဖွဲ့စည်းပြီးတော့ FPTP နဲ့ တစ်ဝက်ကို ရွေးလိုက်ပါတယ်။ ကျန်တဲ့တစ်ဝက်ရွေးဖို့အတွက်ကျတော့ PR စနစ်ကို ကျင့်သုံးပါတယ်။ ကျန်ရှိတဲ့ကိုယ်စားလှယ် ၂၉၉ ဦးအတွက် မူလကိုယ်စားလှယ်ဖြစ်တဲ့ ၅၉၈ ဦးနေရာကို အခြေခံပြီးတော့ မဲဆန္ဒနယ်တစ်ခုမှာ လူဦးရေ ၂၂၂၀၀၀ သတ်မှတ်ပြီးတော့ ၃၀ ရာခိုင်နှုန်း လူဦးရေကို အပေါင်းအနုတ် ခွင့်ပြုထားပါတယ်။ စာရင်းလိုက်အချိုးကျကိုယ်စားပြုစနစ် PR နဲ့ ကိုယ်စားလှယ် ၅၉၈ ဦး ရွေးပြီးတဲ့အခါမှာ မူလရထားတဲ့ FPTP ရဲ့ ၂၉၉ ယောက်ကို နုတ်ပါတယ်။ ကျန်ရှိတဲ့ကိုယ်စားလှယ်ကို PR စနစ်နဲ့ ရွေးချယ်ခြင်းဖြစ်ပါတယ်။ မဲဆန္ဒရှင်တစ်ဦးဟာ မဲကတ်ပြား တစ်ခုမှာ မဲအများဆုံးရရင် အနိုင်ယူတဲ့စနစ် FPTP အတွက်လည်းကောင်း၊ စာရင်းလိုက်အချိုးကျ ကိုယ်စားပြုစနစ်အတွက်လည်းကောင်း နှစ်ကြိမ်မဲပေးရပါတယ်။ ပိုလွန်တဲ့ကိုယ်စားလှယ်အရေအတွက် Over Hang Seat ရှိပါတယ်။ ရောနှောအချိုးကျကိုယ်စားပြုစနစ် MMP စနစ်ဖြစ်ပါတယ်။ တစ်ခုနှင့်တစ်ခု ခုနက ကျွန်တော်တင်ပြသလို အပေါင်းအနုတ်ရှိတဲ့စနစ် ဖြစ်ပါတယ်။ စာရင်းလိုက်အချိုးကျကိုယ်စားပြုစနစ် PR နှင့်ရွေးချယ်ရာမှာ အနိမ့်ဆုံးထောက်ခံမဲရရှိတဲ့ ရာခိုင်နှုန်းကို သူတို့နိုင်ငံမှာ ၅ ရာခိုင်နှုန်းသတ်မှတ်ပါတယ်။ မဲအများဆုံးရတဲ့ FPTP စနစ်အတွက် ကြားဖြတ်ရွေးကောက်ပွဲရှိပါတယ်။ PR စနစ်အတွက် ကြားဖြတ်ရွေးကောက်ပွဲမရှိပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ FPTP စနစ် အတွက်လည်းကောင်း၊ PR စနစ်အတွက်လည်းကောင်း ၂ နေရာလုံးမှာ ဝင်ပြီးတော့ ပြိုင်ခွင့်ရှိပါတယ်။ နိုင်ငံတကာကတော့ ကိုယ့်နိုင်ငံစနစ်ကို MMP စနစ်လို့ သတ်မှတ်ပါတယ်။

နောက်တစ်နိုင်ငံကတော့ ကမ္ဘောဒီးယား ဖြစ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံကို လေ့လာတဲ့အခါမှာလည်း လက်ရှိရွေးကောက်ပွဲစနစ်ကို ၁၉၉၃ ခုနှစ်မှာ စတင်ကျင့်သုံးပါတယ်။ လွှတ်တော်ရဲ့ သက်တမ်း ၅ နှစ် ဖြစ်ပါတယ်။ ပါတီအလိုက်အချိုးကျကိုယ်စားပြုစနစ်နဲ့ လွှတ်တော်ကိုယ်စားလှယ်

၁၂၃ နေရာအတွက် မဲဆန္ဒနယ်(၂၄)ခုသတ်မှတ်ပြီးတော့ ရွေးပါတယ်။ မဲဆန္ဒနယ်တစ်ခုမှာ ကိုယ်စားလှယ်တစ်ဦးကနေပြီးတော့ ၁၈ ဦးအထိ ရွေးတာဖြစ်ပါတယ်။ အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ဖို့အတွက် အနိုင်ရပါတီဟာ ကိုယ်စားလှယ် ၁၂၃ ဦးရဲ့ ၅၀ ရာခိုင်နှုန်း အပေါင်းတစ်မဲရဖို့လိုပါတယ်။ ဆန္ဒမဲတွေဟာ ကိုယ်စားလှယ်မဲအဖြစ် ပြောင်းလဲတဲ့အခါမှာ အမြင့်ဆုံးပျမ်းမျှတွက်ချက်မှုစနစ်နဲ့ တွက်ချက်ပါတယ်။ အနိမ့်ဆုံးသတ်မှတ်ထားတဲ့ ရရှိရမယ့်မဲရာခိုင်နှုန်းက ၄ ရာခိုင်နှုန်း (သို့မဟုတ်) ၅ ရာခိုင်နှုန်း သတ်မှတ်ပါတယ်။ ပါတီအလိုက်ရရှိတဲ့မဲတွေကို ကိုယ်စားလှယ်နေရာ ခွဲဝေတွက်ချက်တဲ့ အခါမှာ ပြည်နယ်တစ်ခုနှင့် တစ်ခုမတူညီပါဘူး။ ပြည်နယ်(၉)ခုမှာ တစ်ဦးကျစီခွဲဝေပြီးတော့ ကျန်တဲ့ ပြည်နယ် ၁၅ ခုမှာတော့ ၁၁၄ နေရာခွဲဝေတာကို တွေ့ရပါတယ်။ အနည်းဆုံး ၃ နေရာကနေ ၁၈ နေရာ အထိခွဲဝေကြောင်း လေ့လာတွေ့ရှိရပါတယ်။ မဲပေးတဲ့အခါမှာ တစ်ကြိမ်တည်း၊ တစ်မဲတည်းထည့်တဲ့ စနစ်ကိုကျင့်သုံးပါတယ်။ မဲပေးခြင်းလွယ်ကူပေမယ့်လို့ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ မဲရေတွက်ခြင်း၊ နေရာခွဲဝေခြင်းဆောင်ရွက်ရာမှာ အခက်အခဲအနည်းငယ်ရှိပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲမရှိပါဘူး။ ဒီဟာတွေကိုလေ့လာလိုက်မယ်ဆိုရင် ကျွန်တော်တင်ပြလိုခြင်း အကြောင်းအရင်းက ဒီသုံးနိုင်ငံကိုလေ့လာကြည့်ရင်ပဲ အခြေခံကျတဲ့ ရွေးကောက်ပွဲစနစ်တွေကို နိုင်ငံအသီးသီးက အခြေခံပြီးတော့မှ သူတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမယ့် နည်းလမ်းအသစ်တွေကို ရှာဖွေပြီးတော့ ရွေးကောက်ပွဲ ပြုလုပ်ကြတာကို လေ့လာတွေ့ရှိကြောင်း ဖော်ထုတ်ရမှာဖြစ်ပါတယ်။

ကော်မရှင်ရဲ့သုံးသပ်အကြံပြုချက်ကို တင်ပြမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်တွေကို လေ့လာတဲ့အခါမှာ အလွှာစုံ၊ ဒေသစုံ၊ ပါတီစုံ၊ တွေးခေါ်မြော်မြင်မှု သဘောတရားအစုံနှင့် ပြည်သူတို့ရဲ့ဆန္ဒအစုံကို ကိုယ်စားပြုပြီးတော့ အဓိပ္ပာယ်ပြည့်ဝပြီး မဲပေးရလွယ်ကူတဲ့ရွေးကောက်ပွဲမျိုး ဖော်ဆောင်ပြီးတော့မှ တည်ငြိမ်ပြီးစွမ်းရည်ရှိတဲ့အစိုးရ ဖွဲ့စည်းနိုင်တဲ့ ရွေးကောက်ပွဲစနစ်ဖြစ်ဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ ပကတိနိုင်ငံရေးအခြေအနေနှင့် ဆီလျော်အပ်စပ်မှုရှိတဲ့ ရွေးကောက်ပွဲစနစ်ကတော့ ယနေ့ကျင့်သုံးနေတဲ့ ဗဟု/အများစု ကိုယ်စားပြုစနစ်ထဲမှာပါတဲ့ မဲအများဆုံးရသူအနိုင်ယူစနစ် FPTP စနစ်နှင့် စာရင်းလိုက်အချိုးကျ ကိုယ်စားပြုစနစ် List P.R ဒါတွေကို ပူးပေါင်းပြီးတော့သုံးတဲ့စနစ်တွေဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ (၆)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ၁၉၅၆ ခုနှစ်မှာ ပါလီမန်အထွေထွေရွေးကောက်ပွဲ၊ ၁၉၆၀ ခုနှစ်မှာ ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ၊ ၁၉၉၀ ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ခုနှစ်မှာ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတို့ကို လေ့လာဖော်ထုတ်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ် ရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အနိုင်ရတဲ့မဲများရဲ့ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိမှု ရာခိုင်နှုန်းအချိုးအစားမကျမှု များပြားခဲ့ခြင်းအပေါ်မှာ ရွေးကောက်ပွဲစနစ်ကြောင့်ဖြစ်တယ်လို့လည်း တချို့က သုံးသပ်ကြပါတယ်။ ကျန်ရွေးကောက်ပွဲ ၃ ခုကို လေ့လာကြည့်ရင်လည်း တစ်နိုင်ငံလုံး ရဲ့အတိုင်းအတာ အနိုင်ရတဲ့မဲများကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် အနီးစပ်ဆုံး ဘယ်လောက်အထိ ပြောင်းလဲပေးနိုင်တယ်ဆိုတာကို ဖော်ထုတ်ကြည့်ရင် အချိုးကျမှုနည်းကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ နိုင်ငံခြားသားရွေးကောက်ပွဲလေ့လာသူ ပညာရှင် ၃ ဦးကနေပြီးတော့ ရွေးကောက်ပွဲစနစ်တွေအပေါ်မှာ၊ ရှင်းလင်းဟောပြောချက်တွေမှာ ယနေ့ကမ္ဘာမှာ ဒီမိုကရေစီနိုင်ငံတွေရဲ့ လက်တွေ့ကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်တွေဟာ ပြီးပြည့်စုံတဲ့စနစ်ရယ်လို့တော့ မရှိပါကြောင်း၊ မည်သည့်ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသည်ဖြစ်စေ မိမိနိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှု၊ နိုင်ငံရေးဖြစ်ထွန်းမှုအခြေအနေ၊ နိုင်ငံရေးပါတီများနှင့် အများပြည်သူတို့ရဲ့သဘောထားများ၊ နိုင်ငံရဲ့နောက်ခံသမိုင်းကြောင်းတို့အပေါ်မှာ အခြေခံပြီး ဆောင်ရွက်ကြသည်ကို တွေ့ရတဲ့အကြောင်း၊ ရွေးကောက်ပွဲစနစ်တို့ကို ရွေးချယ်တဲ့အခါမှာ တရားသေဆုပ်ကိုင်ထားမှုအမှား၊ စနစ်မျိုးစုံကို လေ့လာမှုမပြုတဲ့အမှား မဖြစ်ဖို့ လိုအပ်ကြောင်း၊ နိုင်ငံစုံကို လေ့လာဆောင်ရွက်သင့်ကြောင်း ဆွေးနွေးကြပါတယ်။ မိမိနိုင်ငံရဲ့အခြေအနေနှင့် ဆီလျော်အပ်စပ်ပြီးတော့ အများပြည်သူ လိုလားလွယ်ကူပြီးတော့ ကိုယ်စားပြုမှုညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းမှုကိုရှေးရှုတဲ့ ရွေးကောက်ပွဲစနစ်မျိုးဖြစ်သင့်တယ်လို့ သုံးသပ်ဆွေးနွေးကြပါတယ်။ နိုင်ငံရေးပါတီများဖြစ်တဲ့ တိုင်းရင်းသားတွေကိုကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီများရဲ့ ဆွေးနွေးတင်ပြချက်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကို အဆင်ပြေချောမွေ့စေရန် လိုအပ်ကြောင်းနှင့် တိုင်းရင်းသားလူနည်းစုတွေရဲ့ စာတတ်မြောက်မှုနိမ့်ပါးနေတာကြောင့် ပြည်နယ်တွေမှာ လက်ရှိရွေးကောက်ပွဲစနစ်ကိုသာ ကျင့်သုံးသင့်ကြောင်း ဆွေးနွေးကြပါတယ်။ တိုင်းရင်းသား နိုင်ငံရေးပါတီများအနေနဲ့ တိုင်းရင်းသားလူမျိုးစုများအတွက် ရရှိထားတဲ့ ကိုယ်စားပြုမှုအခွင့်အရေးရရှိထားမှုကို လျော့နည်းသွားခြင်းမရှိဖို့အတွက် တင်ပြခဲ့ခြင်းဖြစ်တဲ့အတွက်ကြောင့် ဒါလည်း ကျွန်တော်တို့ ထည့်သွင်းစဥ်းစားသုံးသပ်ခဲ့ကြပါတယ်။

နိုင်ငံရေးပါတီများဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဆွေးနွေးတင်ပြရာမှာ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲကာလဖြစ်ခြင်း၊ မြန်မာနိုင်ငံအတွင်းမှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေဟာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး အထူးအလေးထားဆောင်ရွက်ရန်လိုအပ်ခြင်း၊ အချိုးကျကိုယ်စားပြုစနစ်သည် ညွန့်ပေါင်းအစိုးရကိုဖြစ်စေခြင်း၊ မဲရေတွက်ချိန်မှာ နိုင်ငံရေးတင်းမာမှုဖြစ်စေခြင်း၊ ရွေးကောက်ပွဲစနစ်ပြောင်းရန်အတွက် အချိန်လိုအပ်ခြင်းနှင့် အချိုးကျကိုယ်စားပြုစနစ်မှာ ကိုယ်စားပြုမှုအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းခြင်းကြောင့် ရွေးကောက်ပွဲစနစ်ကို အနိုင်ရသူအကုန်ယူတဲ့ ယခင် FPTP စနစ်ကို ဆက်လက်ကျင့်သုံးသင့်ကြောင်း သုံးသပ်တင်ပြထားပါတယ်။ အလားတူပဲ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ကလည်း သူတို့ရဲ့ဆွေးနွေးတင်ပြချက်တွေအရ မဲဆန္ဒရှင်များနှင့် ပါတီငယ်များအတွက် တရားမျှတမှုရှိဖို့ လိုအပ်ကြောင်း၊ အများစုသည် အုပ်ချုပ်ခွင့်ရှိပါ၏ သို့သော် ပြည်သူတစ်ရပ်လုံးသည် ကိုယ်စားပြုခွင့်ရှိရပါမည်ဟူတဲ့ဆိုရိုးအတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အနိုင်ရတဲ့မဲတွေကို လွှတ်တော်ကိုယ်စားလှယ်များရရှိမှု အချိုးအစားကျဖို့ အရေးကြီးကြောင်း၊ ကိုယ်စားပြုခြင်းအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါတီစုံပါဝင်နိုင်ရန်လိုအပ်ကြောင်း၊ ယင်းသို့ဖြစ်ပေါ်လာစေဖို့အတွက် ပြည်နယ် ၇ ခုမှာ မဲအများဆုံးရတဲ့အနိုင်ယူစနစ်၊ တိုင်းဒေသကြီး ၇ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေမှာ စာရင်းအလိုက်အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ထားတဲ့ ပူးတွဲစင်ပြိုင်တဲ့ Parallel လိုစနစ်မျိုးကို ကျင့်သုံးသင့်ကြောင်း ဆွေးနွေးမှုနှင့်ပတ်သက်လို့လည်း အလေးထားထည့်ပြီးတော့ သုံးသပ်ပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့ဆွေးနွေးမှုတွေအပေါ်မှာ အကျဉ်းချုပ်ထုတ်နုတ်တင်ပြရရင် ဒီလိုလေ့လာတဲ့အခါမှာ (၁) မြန်မာပြည်မှာ ကွန်မြူနစ်ပါတီရဲ့ သက်တမ်းရှည်ခဲ့တဲ့ကိစ္စတွေ၊ ယခင်ခေတ်ကာလက ဖဆပလအဖွဲ့ချုပ်ကြီး ပြိုကွဲသွားတဲ့ကိစ္စတွေ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးတွေ ပေါ်ပေါက်လာပြီးတော့ ယနေ့အထိ မပြီးဆုံးနိုင်သေးတာတွေ၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ဆက်စပ်တဲ့ နိုင်ငံတော်ရဲ့အခြေအနေတွေ၊ ၂၀၁၀ နှင့် ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲတွေ၊ အခြေအနေတွေ၊ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်မှာ လွှတ်တော်ပြင်ပနိုင်ငံရေးမှာ နိုင်ငံရေးပါတီတွေရဲ့ အားပြိုင်မှုလွန်ကဲခဲ့လို့ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုနောက်ကျခဲ့တာကိုလည်း လေ့လာခဲ့ပါတယ်။ တပ်မတော်အနေနဲ့တော့ တပ်မတော်ကိုယ်စားပြုကိုယ်စားလှယ်က ဆွေးနွေးတင်ပြတဲ့

နေရာမှာ မဲအများဆုံးရတဲ့အနိုင်ယူစနစ်ဟာ ကျင့်သားရခြင်း၊ ရိုးစင်းလွယ်ကူခြင်း၊ အုပ်ချုပ်ရေး မဏ္ဍိုင်ကို အားကောင်းစေခြင်းတို့ကြောင့် အခြေခံပြီးတော့ ရွေးချယ်သင့်ကြောင်း၊ ရွေးကောက်ပွဲစနစ် ပြောင်းလဲခြင်းသည် အချိန်လိုအပ်ကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်သည် ကျင့်သုံးဖူးတဲ့အတွေ့ အကြုံမရှိသေးခြင်း၊ သိရှိနားလည်ဖို့အတွက် လိုအပ်ခြင်းတို့ကြောင့် သုံးသပ်လေ့လာရန် အချိန်ရယူ ဆောင်ရွက်သင့်ကြောင်း၊ တိုင်းရင်းသားလူမျိုးစုများ ပြန့်ကျဲနေထိုင်ခြင်း၊ ကွဲပြားမှုများပြားခြင်း၊ ယုံကြည်မှုတိုးတက်ရန်နှင့် နိုင်ငံသားအခွင့်အရေးတောင်းဆိုနိုင်ရန် လွှတ်တော်အသီးသီး၌ ပါဝင်မှု ရရှိနိုင်ဖို့အတွက် ပါတီအလိုက် အချိုးကျကိုယ်စားပြုစနစ်ကို ပြင်ဆင်ကျင့်သုံးသင့်ကြောင်း၊ စနစ်တစ်ခု ကူးပြောင်းတဲ့အခါမှာ ကျွမ်းကျင်သူများ လေ့လာမှုအချိန်ကြာမြင့်နိုင်ခြင်း၊ တိုင်းရင်းသားများရဲ့ဆန္ဒနှင့် နိုင်ငံတော်ရဲ့ အခြေအနေအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေကို တစ်ပြေးညီကျင့်သုံးဖို့မသင့်ကြောင်း ဆွေးနွေးပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ကော်မရှင်အနေနဲ့ ထည့်သွင်းစဉ်းစားသုံးသပ်ခဲ့ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ကော်မရှင်ရဲ့ နောက်ဆုံးရွေးချယ်ထားတဲ့ နည်းလမ်းများကို တင်ပြမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များထံသို့လည်း ဇယားအကျဉ်းနှင့်အတူ ရှင်းလင်းချက် အသေးစိတ်များကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီကမ္ဘာ့နိုင်ငံအသီးသီးမှာကျင့်သုံးနေတဲ့ ရွေးကောက်ပွဲ စနစ်တွေကို လေ့လာသုံးသပ်ပြီးတော့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ကိုက်ညီမယ့် နိုင်ငံတော်ရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးမှာ အထောက်အကူဖြစ်မယ့် ရွေးကောက်ပွဲစနစ်ကို ရွေးချယ်တင်ပြမှာဖြစ် ပါတယ်။ ဒီလိုရွေးချယ်တင်ပြတဲ့အခါမှာ ဒီဇိုင်းပုံစံထုတ်ခြင်းထက် စနစ်ကို လေ့လာခြင်းက ပိုပြီးတော့ အချိန်ပေးရပါတယ်။ စနစ်ကိုနားလည်သွားရင် ရွေးကောက်ပွဲနည်းလမ်းတွေရှာဖွေရာမှာ အခက်အခဲမ ရှိကြောင်း၊ နည်းသွားကြောင်းလည်းလေ့လာတွေ့ရှိရပါတယ်။ အခု နည်းလမ်း ၈ ခုတင်ပြတဲ့အခါမှာ ကော်မရှင်ရဲ့တာဝန်သည် နည်းလမ်းများကိုရှာဖွေပြီးတော့ လွှတ်တော်ကိုအကြံပြုတင်ပြခြင်းသာဖြစ်ပါ တယ်။ အတည်ပြုရွေးချယ်ခြင်းဟာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် လွှတ်တော်ရဲ့တာဝန် ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲပုံစံသစ်တင်ပြပါမယ်။ ကျွန်တော်တို့ လေ့လာတင်ပြထားတဲ့ နည်းလမ်းသစ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲပုံစံကတော့ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအထိ ကျင့်သုံးခဲ့တဲ့ မဲအများဆုံးရသူ အနိုင်ယူစနစ် FPTP စနစ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲပုံစံကတော့ အားလုံးသိပြီးတဲ့အတိုင်း တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခုနှင့် နေပြည်တော်ကောင်စီ နယ်မြေမှာ စုစုပေါင်း မြို့နယ် ၃၃၀၊ မဲဆန္ဒနယ် ၃၃၀ မှာ ယခင်အတိုင်းပဲ နိုင်ငံတစ်ဝန်းလုံး မဲအများဆုံး အရယူတဲ့ FPTP စနစ်ကျင့်သုံးခြင်းဖြစ်ပါတယ်။ ရှင်းလင်းချက်အနေနဲ့ မဲဆန္ဒနယ် ၃၃၀ အတွက် တစ်မြို့နယ်မှာ

ကိုယ်စားလှယ်တစ်ဦးကျနဲ့ ရွေးတဲ့စနစ်ဖြစ်ပါတယ်။ အကျိုးသက်ရောက်မှုအနေနဲ့ နိုင်ငံတော်မှာ ယခင်အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ စနစ်ဖြစ်တဲ့အတွက်ကြောင့် ပြည်သူလူထုအနေနဲ့ အတွေ့အကြုံရှိပြီး ဖြစ်ပါတယ်။ ဒါရဲ့အသေးစိတ်ကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ဒုတိယနည်းလမ်းကတော့ လေ့လာတွေ့ရှိသော စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ် PR စနစ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲပုံစံကတော့ တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခုနှင့် နေပြည်တော်ကောင်စီနယ်မြေမှာ စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးခြင်းဖြစ်ပါတယ်။ ရှင်းလင်းချက်အနေနဲ့ မြို့နယ် ၃၃၀ ကို အခြေခံပြီးတော့ မဲဆန္ဒနယ်တွေသတ်မှတ်ပြီးတော့ ရရှိတဲ့မဲပေါ်မူတည်ပြီး အချိုးကျကိုယ်စားလှယ်များကို ရွေးချယ်တဲ့စနစ်ဖြစ်ပါတယ်။ အကျိုးသက်ရောက်မှုအနေနဲ့ ရရှိတဲ့ ဆန္ဒမဲအရေအတွက်နဲ့ အရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်အရေအတွက် ရာခိုင်နှုန်းကွာခြားမှုတွေ လျှော့ချနိုင်မှာဖြစ်ပါတယ်။ (၃)နည်းလမ်းတင်ပြပါမယ်။ (၃)နည်းလမ်းကတော့ FPTP နဲ့ PR ပေါင်းစပ်ထားတဲ့ ရွေးကောက်ပွဲစနစ်(၁)ဖြစ်ပါတယ်။ ဒီစနစ်သည် ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲမရရှိတဲ့ ကိုယ်စားလှယ်တွေကို အခွင့်အရေးပေးသော စနစ်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တင်ပြခဲ့တဲ့ FPTP စနစ်အတိုင်းပဲ တစ်နိုင်ငံလုံးမှာ မဲဆန္ဒနယ် ၃၃၀ ခွဲပြီးတော့ FPTP စနစ်အတိုင်းပဲ ပြည်သူလူထုမဲပေးမယ့် လုပ်သားပြည်သူများသည် မဲတစ်မဲတည်းပေးရတဲ့စနစ်ဖြစ်ပါတယ်။ မဲဆန္ဒနယ်ပြောင်းလဲခြင်းမရှိဘူး။ ပြည်သူများမဲပေးတဲ့စနစ်ပြောင်းလဲခြင်းမရှိပါဘူး။ ဒါကြောင့် ပြည်နယ်ခုနစ်ခုမှာ လက်ရှိကျင့်သုံးနေတဲ့ မဲအများဆုံးရသူ အနိုင်ယူစနစ် FPTP စနစ်နဲ့ ပြည်နယ်ခုနစ်ခုမှာရှိတဲ့ ၁၂၃ မြို့နယ်ကို မဲဆန္ဒနယ် ၁၂၃ ခုသတ်မှတ်ပြီးတော့ မဲပေးရွေးချယ်မှာဖြစ်ပါတယ်။ တိုင်းဒေသကြီးခုနစ်ခုထဲမှာ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာရှိတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲမှာပါဝင်တဲ့ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ် သုံးမြို့နယ်ကိုလည်း အလားတူပဲ FPTP စနစ်နဲ့ မဲပေးရွေးချယ်မှာဖြစ်ပါတယ်။

ကျန်ရှိတဲ့ တိုင်းဒေသကြီးခုနစ်ခု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါ နေပြည်တော်ကောင်စီနယ်မြေအပါ ၂၀၄ မြို့နယ်မှာတော့ ကျွန်တော်တို့တင်ပြခဲ့တဲ့အတိုင်း FPTP စနစ်နဲ့ မဲပေးပါမယ်။ အဲဒီနေရာမှာ ကိုယ်စားလှယ်များသည် ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲ ရခဲ့ရင် ကိုယ်စားလှယ်အဖြစ်အတည်ပြုရွေးချယ်မှာဖြစ်ပါတယ်။ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲမရတဲ့ မြို့နယ်တွေရှိလာပါမယ်။ ဒီမြို့နယ်တွေမှာ ရွေးချယ်ခြင်းမခံရတဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့မဲတွေကို ပေါင်းပြီးတော့ တိုင်းဒေသကြီးခုနစ်ခုမှာ တိုင်းအလိုက်၊ တိုင်းအလိုက် မဲဆန္ဒနယ်တစ်ခုတည်းသတ်မှတ်ပြီးတော့

အချိုးကျရွေးချယ်မယ့်စနစ်ဖြစ်ပါတယ်။ ဥပမာတင်ပြရရင် ရန်ကုန်တိုင်းဒေသကြီးမှာ ၄၅ မြို့နယ်ရှိပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ ပြည်နယ်ခုနစ်ခုရဲ့ ၁၂၃ မြို့နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးမြို့နယ်ပေါင်းတော့ ၁၂၆ မြို့နယ်။ သူသည် အရင်အတိုင်းပဲ FPTP စနစ်နဲ့ရွေးလိုက်ပါတယ်။ ကျန်တဲ့ တိုင်းဒေသကြီးခုနစ်မှာ ကျွန်တော်တို့ FPTP မဲနဲ့ပဲ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်ရတဲ့သူ ကိုယ်စားလှယ်အဖြစ်ရွေးလိုက်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးမှာ ၄၅ မြို့နယ်မှာ ၁၅ မြို့နယ်မှာ ကိုယ်စားလှယ်ရွေးချယ်ပြီးဖြစ်သွားရင် မြို့နယ် ၃၀ ကျန်ပါတယ်။ အဲ့ဒီမြို့နယ် ၃၀ မှာကျန်ရှိတဲ့ နိုင်ငံရေးပါတီအသီးသီးရဲ့ မဲများကိုပေါင်းပြီးတော့ အချိုးကျစနစ်နှင့် ကိုယ်စားလှယ်ခွဲဝေမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီစနစ်ကို ပြန်လည်လေ့လာမယ်ဆိုရင် အဓိက ကျွန်တော်တို့ ယခင်သတ်မှတ်ထားတဲ့ ရွေးထားတဲ့ FPTP စနစ်အတိုင်းပဲ မဲဆန္ဒနယ်သတ်မှတ်ပါတယ်။ မဲပုံစံလည်း FPTP စနစ်အတိုင်းပဲဖြစ်ပါတယ်။ မဲဆန္ဒရှင်များမဲပေးတဲ့အခါမှာလည်း ယခင် စနစ်အတိုင်းပဲဖြစ်ပါတယ်။ သို့သော် ရလာတဲ့မဲကို အလဟဿမဖြစ်ဘဲနဲ့ အားလုံးပြည်သူလူထုပြု လိုက်တဲ့မဲများသည် အကျိုးသက်ရောက်မှုရှိစေဖို့အတွက် မဲကို နေရာအဖြစ်ပြောင်းလဲခြင်းဖြစ်ပါတယ်။ Vote ကနေ Seat ပြောင်းတဲ့စနစ်ဖြစ်ပါတယ်။ ဒါကိုကျင့်သုံးတဲ့အတွက်ကြောင့် ရှင်းလင်းချက်အနေနဲ့ ပြည်နယ်ခုနစ်ခုမှာရှိတဲ့ မဲဆန္ဒနယ် ၁၂၃ ခုနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ မဲဆန္ဒနယ်သုံးခု စုစုပေါင်း ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ၁၂၆ မြို့နယ်မှာ FPTP နဲ့ ရွေးကောက်ပွဲကျင်းပပါတယ်။ ကျန်ရှိတဲ့ တိုင်းဒေသကြီး ခုနစ်ခု၊ မဲဆန္ဒနယ် ၂၀၄ ခုမှာ FPTP စနစ်နဲ့ပဲရွေးကောက်ပွဲပြုလုပ်ပြီးတော့ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲရတဲ့ မဲဆန္ဒနယ်တွေမှာ ကိုယ်စားလှယ်လောင်းများကို အတည်ပြုရွေးချယ်ပါတယ်။ ၅၀ ရာခိုင်နှုန်း အပေါင်းတစ်မဲမရတဲ့ မြို့နယ်တွေမှာ ရွေးချယ်ခြင်းမခံရတဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့မဲတွေကိုပေါင်းပြီးတော့ ပါတီမဲအဖြစ် ပြောင်းလဲရွေးချယ်သော စနစ်ဖြစ်ပါတယ်။ အကျိုးသက်ရောက်မှုအနေနဲ့ (၁) က တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခုနှင့် နေပြည်တော်ကောင်စီမှာ တစ်နိုင်ငံလုံး ယခင်မဲအများဆုံးရသူ အနိုင်ယူစနစ်နှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းသာဖြစ်ပါတယ်။ (၂)အနေနဲ့ မဲဆန္ဒရှင်များမဲပေးတဲ့အခါမှာ မဲပေးတဲ့စနစ်အပြောင်းအလဲမရှိတဲ့အတွက်ကြောင့် မဲဆန္ဒရှင်များအတွက် အခက်အခဲမရှိနိုင်ပါဘူး။ (၃)အနေနဲ့ မဲဆန္ဒနယ်မြေ ပြန်လည်ဖွဲ့စည်းဖို့မလိုပါဘူး။ (၄)အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဘောင်အတွင်းကနေ ဆောင်ရွက်နိုင်ပါတယ်။ (၅)အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ မှာပါတဲ့အချက်အလက်နဲ့လည်း ကိုက်ညီတာကို တွေ့ရမှာဖြစ်ပါတယ်။

**မူကြမ်း**

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)မှာပါတဲ့ အချက်အလက်နဲ့လည်း ကိုက်ညီမှာဖြစ်ပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)မှာပါတဲ့ ဥပဒေနဲ့လည်း ကိုက်ညီမှာဖြစ်ပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ ပုဒ်မခွဲ(ခ)မှာပါတဲ့ အချက်အလက်များနှင့်လည်း ကိုက်ညီမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃ ပုဒ်မခွဲ(က) မှာပါတဲ့အချက်များလည်း ကိုက်ညီမှာဖြစ်ပါတယ်။ အခုကျွန်တော်တင်ပြခဲ့တဲ့ နည်းလမ်း(၃)ကတော့ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပဲ စနစ်မပြောင်းဘဲနဲ့ ရရှိတဲ့မဲများကို ကိုယ်စားလှယ်ခုံအဖြစ် ပြောင်းတဲ့ စနစ်ဖြစ်ပါ တယ်။

ဆက်လက်ပြီးတော့ နည်းလမ်းပုံစံ(၄)ဖြစ်တဲ့ မဲအများဆုံးရသူ အနိုင်ယူစနစ်နဲ့ FPTP ပေါင်းစပ်ထားတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်က ကျွန်တော်ခုနက တင်ပြခဲ့တဲ့ နည်းလမ်း(၃)နဲ့ နောက်ဆုံးအချက် မှာပဲကွာခြားပါတယ်။ ဒီစနစ်မှာလည်း ပြည်နယ်ခုနစ်ခုမှာရှိတဲ့ မဲဆန္ဒနယ် ၁၂၃ မြို့နယ်နဲ့ အားလုံး ယခင်အတိုင်းပဲ FPTP စနစ်နဲ့ မဲပေးမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ လေရှီး၊ လဟယ်၊ နန်းယွန်း သုံးမြို့နယ်ကိုလည်း FPTP စနစ်အတိုင်းပဲ မဲပေးပြီးတော့ ကိုယ်စားလှယ်ရွေးချယ်မှာဖြစ်ပါတယ်။ ကျန်တဲ့တိုင်းဒေသကြီးခုနစ်ခု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါ၊ နေပြည်တော်ကောင်စီနယ်မြေအပါ မဲဆန္ဒနယ် ၂၀၄ ခုကျန်ပါတယ်။ ဒီ ၂၀၄ ခုမှာ ခုနကရတဲ့မဲတွေကို ရေတွက်တဲ့အခါမှာ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲရတဲ့ ကိုယ်စားလှယ်လောင်းသည် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအသီးသီးမှာ ကိုယ်စားလှယ်ရွေးချယ်ခြင်းမပြုနိုင်သေးတဲ့ မြို့နယ်တွေကျန်ရှိမှာဖြစ်ပါတယ်။ အဲဒီမြို့နယ်တွေရဲ့ မဲများကို ကျွန်တော်ခုနက နည်းလမ်း(၃)မှာတင်ပြတဲ့အတိုင်းပဲ ပေါင်းပြီးတော့ ဆောင်ရွက်တဲ့အပြင် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ပေးတဲ့ မြို့နယ်တွေမှာ ကိုယ်စားလှယ်ဖြစ်သွားတဲ့သူရဲ့ မဲမပါ ကျန်ကိုယ်စားလှယ်များရဲ့၊ ရှုံးသွားတဲ့ကိုယ်စားလှယ်များရဲ့ မဲကိုပါယူပြီးတော့ ပေါင်းတဲ့စနစ်ဖြစ်ပါတယ်။ ထူးခြားမှုကတော့ နည်းလမ်း(၃)နှင့်နည်းလမ်း(၄)မှာ နည်းလမ်း(၃)တုန်းက ရှုံးတဲ့မဲတွေကို မပေါင်းပါဘူး။ ယနေ့ နည်းလမ်း(၄)က ရှုံးတဲ့မဲတွေကိုပေါင်းတာဖြစ်ပါတယ်။

ကျွန်တော်ဥပမာတင်ပြရရင် ရန်ကုန်တိုင်းဒေသကြီးမှာ ၄၅ မြို့နယ်ရှိပါတယ်။ ၁၀ မြို့နယ်က ၅၀ ရာခိုင်နှုန်း အပေါင်းတစ်မဲရလို့ ကိုယ်စားလှယ် ရွေးချယ်ပြီးဖြစ်ပါတယ်။ ကျန်တဲ့ ၃၅ မြို့နယ်မှာ ကျန်ရှိတဲ့ မဲဆန္ဒနယ်အတွက် ၃၅ ဦးရွေးရမှာဖြစ်ပါတယ်။ ဒီအတွက် မဲဆန္ဒနယ် ၃၅ နယ်က မဲများကို ပေါင်းတဲ့အပြင် ခုနက ကိုယ်စားလှယ်ရွေးပြီးသားဖြစ်တဲ့ မဲဆန္ဒနယ် ၁၀ ခုမှာရှိတဲ့ ရှုံးသွားတဲ့လူရဲ့

မဲကိုပါပေါင်းတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်ကိုကျင့်သုံးခြင်းအားဖြင့် ရရှိလာတဲ့အကျိုးသက်ရောက်မှုဟာ (၁)တိုင်းဒေသကြီးခုနစ်ခုနှင့် ပြည်နယ်ခုနစ်ခု၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တစ်နိုင်ငံလုံးမှာ မဲအများဆုံးရသူအနိုင်ယူစနစ်နှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းဖြစ်ပါတယ်။ (၂) မဲဆန္ဒရှင်တွေမဲပေးတဲ့အခါမှာ မဲပေးတဲ့စနစ်အပြောင်းအလဲမရှိပါဘူး။ မဲဆန္ဒရှင်များအတွက် အခက်အခက်မရှိနိုင်ပါဘူး။ (၃) မဲဆန္ဒရှင်များအတွက် မဲဆန္ဒတွေပြင်ဆင်ဖွဲ့စည်းဖို့ မလိုပါဘူး။ (၄) ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဘောင်အတွင်းကနေဆောင်ရွက်နိုင်ပါတယ်။ (၅) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ မှာပါတဲ့ ဥပဒေများနှင့်ကိုက်ညီပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)မှာပါတဲ့ ဥပဒေများနှင့်လည်းကိုက်ညီပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)မှာပါတဲ့ အချက်များနှင့်လည်းကိုက်ညီပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ ပုဒ်မခွဲ(ခ)မှာပါတဲ့ အချက်များနှင့်လည်းကိုက်ညီပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၃ ပုဒ်မခွဲ(က)မှာတဲ့ အချက်များနှင့်လည်းကိုက်ညီပါတယ်။ အခုကျွန်တော်တင်ပြသွားတာ နည်းလမ်း(၄)ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ နည်းလမ်း(၅)ကိုတင်ပြပါမယ်။ ဒီနည်းလမ်း(၅)ကတော့ ရွေးကောက်ပွဲပုံစံအနေနဲ့ ပြည်နယ်ခုနစ်ခုမှာရှိတဲ့ မြို့နယ်ပေါင်း ၁၂၃ မြို့နယ်မှာ ယနေ့ကျင့်သုံးနေတဲ့ FPTP နဲ့ရွေးကောက်ပွဲပြုလုပ်ပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၃ မြို့နယ်ဖြစ်တဲ့ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်များလည်း FPTP နဲ့ပဲ ယခင်စနစ်အတိုင်းပဲ ရွေးကောက်ပွဲပြုလုပ်မှာဖြစ်ပါတယ်။ ကျန်တဲ့ တိုင်းဒေသကြီးခုနစ်ခု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသမပါတော့ဘူး။ နေပြည်တော်ကောင်စီနယ်မြေအပါ ၂၀၄ မြို့နယ်ကျန်ပါတယ်။ ဒီနေရာတွေမှာ ၂၀၄ မြို့နယ်မှာ FPTP နဲ့ ရာခိုင်နှုန်းတစ်ခု PR နဲ့ရာခိုင်နှုန်းနှစ်ခုသတ်မှတ်ပြီးတော့ သီးခြားစီရွေးကောက်ပွဲကျင်းပပြုလုပ်တဲ့စနစ်ဖြစ်ပါတယ်။ သီးခြားစီဆိုတာက ဥပမာတင်ပြရရင် ရန်ကုန်တိုင်းဒေသကြီးမှာ ၄၅ မြို့နယ်ရှိတဲ့အခါမှာ ရာခိုင်နှုန်းအရ ၁၅ မြို့နယ်မှာ ကိုယ်စားလှယ် ၁၅ ယောက်ကို FPTP စနစ်နဲ့ မဲသက်သက်ရွေးနိုင်မှာဖြစ်ပါတယ်။ ကျန်တဲ့ မြို့နယ် ၃၀ မှာ PR စနစ်နဲ့ မဲဆန္ဒနယ်သတ်မှတ်ပြီးတော့ ရွေးတဲ့စနစ်ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ကိုယ်စားလှယ်များသည် မဲတစ်ကြိမ်တည်းပေးရတာဖြစ်ပါတယ်။ FPTP သတ်မှတ်တဲ့မဲဆန္ဒနယ်မှာ ၁၅ မြို့နယ်မှာ FPTP နဲ့မဲပေးပြီးရင်အဲဒီမြို့နယ်၊ အဲဒီမဲဆန္ဒနယ်အတွက် ရွေးချယ်မှုဆက်လုပ်ရင်ပြီးသွားပြီဖြစ်ပါတယ်။ ကျန်တဲ့မြို့နယ် ၃၀ မှာ အချိုးကျကိုယ်စားပြုစနစ်အတွက် မဲဆန္ဒနယ်တွေရွေးချယ်ပြီးတော့ မဲပေးတဲ့စနစ်ဖြစ်ပါတယ်။ မဲဆန္ဒရှင်များသည် FPTP အတွက် မဲပေးရမယ့် မဲဆန္ဒနယ်ဖြစ်ရင် FPTP နဲ့ပဲမဲပေးရမှာဖြစ်ပါတယ်။

PR နဲ့ မဲပေးရမယ့် မဲဆန္ဒနယ်ဖြစ်ရင် အချိုးကျကိုယ်စားပြုစနစ်နဲ့ပဲ မဲပေးရမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တစ်ဦး မဲနှစ်ကြိမ်မပေးရပါဘူး။ သီးခြားစီဆောင်ရွက်တဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်ကို ကျင့်သုံးခြင်းအားဖြင့် ရရှိမယ့်အကျိုးသက်ရောက်မှုဟာ (၁) မဲဆန္ဒရှင်များအနေနဲ့ မဲပေးတဲ့အခါမှာ မဲဆန္ဒနယ်အလိုက် မဲအများဆုံးရသူအနိုင်ယူစနစ်နဲ့ဖြစ်စေ၊ ပါတီအလိုက် အချိုးကျကိုယ်စားပြုစနစ်နဲ့ ဖြစ်စေ သီးခြားစီ တစ်ကြိမ်သာမဲပေးရတဲ့စနစ်ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)မှာပါတဲ့ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိသလားဆိုတာနဲ့ ကိုက်ညီပါတယ်။ အလားတူပဲ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)နှင့်လည်း ကိုက်ညီပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ ပုဒ်မခွဲ(ခ)နဲ့လည်းကိုက်ညီပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၃ ပုဒ်မခွဲ(က)နှင့် လည်းကိုက်ညီပါတယ်။ ပြည်သူများအနေနဲ့ မဲပေးတဲ့အခါမှာ မဲအများဆုံးရသူအနိုင်ယူစနစ်နဲ့ အခက်အခဲမရှိပေမယ့်လို့ ပါတီလိုက်အချိုးကျကိုယ်စားပြုစနစ်နဲ့ ရွေးချယ်တဲ့အခါမှာ မဲပုံစံ၊ မဲဆန္ဒနယ်အသစ်ပြုလုပ်ရမှာဖြစ်တဲ့အတွက်ကြောင့် ပြည်သူလူထုကို ပညာပေးဖို့အခြေအနေ လိုမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)မှာပါပါတယ်။ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)မှာပါတဲ့ ရှိရင်းစွဲတိုင်း ခုနစ်တိုင်းကို တိုင်းဒေသကြီး ခုနစ်ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲပြည်နယ်ခုနစ် ပြည်နယ်ကို ပြည်နယ်ခုနစ်ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြားသတ်မှတ်ပြီး ထိုတိုင်းဒေသကြီးခုနစ်ခုနှင့် ပြည်နယ်ခုနစ်ပြည်နယ်တို့သည် အဆင့်အတန်းတူညီကြသည်ဆိုတဲ့ အခိပ္ပာယ်ဖွင့်ဆိုချက်နဲ့တော့ ကိုက်ညီဖို့အတွက် လေ့လာသုံးသပ် ရမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ နည်းလမ်း(၆)ကို တင်ပြမှာဖြစ်ပါတယ်။ နည်းလမ်း(၆)က ကျွန်တော်တို့ ပြည်နယ်ခုနစ်ခုမှာရှိတဲ့ မဲဆန္ဒနယ် ၁၂၃ မြို့နယ်ကို ယခင်အတိုင်းပဲ FPTP နဲ့ ရွေးကောက်ပွဲကျင်းပ ပြုလုပ်မှာဖြစ်ပါတယ်။ ကျန်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ် သုံးမြို့နယ်ကိုလည်း FPTP စနစ်နဲ့ အရင်အတိုင်းပဲ ရွေးကောက်ပွဲကျင်းပပြုလုပ်တဲ့စနစ်ဖြစ်ပါတယ်။ ကျန်တဲ့ တိုင်းဒေသကြီး ခုနစ်ခုမှာ နေပြည်တော် ကောင်စီအပါအဝင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါတော့ဘဲနဲ့ ၂၀၄ မြို့နယ်ကျန်ပါတယ်။ ဒီ ၂၀၄ မြို့နယ်မှာ ၂၀၄ မြို့နယ်ရဲ့ ၂၅ ရာခိုင်နှုန်းဖြစ်တဲ့ ၅၁ မြို့နယ်ကို ကျွန်တော်တို့ FPTP စနစ်နဲ့ ရွေးကောက်ပွဲကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ ကျန်တဲ့ ၂၀၄ မြို့နယ်ရဲ့ ၇၅ ရာခိုင်နှုန်းဖြစ်တဲ့ ၁၅၃

မြို့နယ်ကို အချိုးကျကိုယ်စားပြုစနစ်နဲ့ ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းဖြစ်ပါတယ်။ ဒီလိုပြုလုပ်တဲ့ အခါမှာ ကျွန်တော်မူလတင်ပြသွားတဲ့အရှေ့က နည်းလမ်း(၅)နဲ့ မတူပါဘူး။ ဒီစနစ်သည် ပြည်နယ် ခုနစ်ပြည်နယ်နဲ့ နာဂသုံးမြို့နယ် FPTP စနစ်ဖြစ်တာကတော့ အတူတူဖြစ်ပါတယ်။ တိုင်းဒေသကြီး ခုနစ်ခုမှာရှိတဲ့ ၂၀၄ မြို့နယ်မှာ ၂၅ ရာခိုင်နှုန်းဖြစ်တဲ့ ၅၁ မြို့နယ်ကို အချိုးကျ FPTP လုပ်ပြီးတော့ ကျန်တဲ့ ၇၅ ရာခိုင်နှုန်းဖြစ်တဲ့ ၁၅၃ မြို့နယ်ကို PR လုပ်တဲ့အခါမှာ အရင်လို သီးခြားစီဆောင်ရွက်ခြင်း မဟုတ်ပါဘူး။ ဥပမာတင်ပြရရင် ရန်ကုန်တိုင်းဒေသကြီးမှာ ၄၅ မြို့နယ်ရှိပါတယ်။ ၂၅ ရာခိုင်နှုန်းဖြစ်တဲ့ ၁၅ မြို့နယ်ကို FPTP အတွက် မဲဆန္ဒနယ်တွေကို ခွဲရမှာဖြစ်ပါတယ်။ ၄၅ မြို့နယ်လုံးကို မဲဆန္ဒနယ်များ သတ်မှတ်ပြီးတော့ရွေးရမှာဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့ အဲဒီအတွက် မဲပေးရပါမယ်။

အလားတူပဲ ဒီ ၄၅ မြို့နယ်လုံးကို မဲဆန္ဒနယ်သတ်မှတ်ပြီးတော့ အချိုးကျကိုယ်စားပြုစနစ်နဲ့ မဲပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် မဲပေးတဲ့စနစ်သည် နှစ်ကြိမ်ပေးရမှာဖြစ်ပါတယ်။ မဲဆန္ဒနယ်များတင် ပြရမှာဖြစ်ပါတယ်။ သာမန်အားဖြင့်ကြည့်ရင် ကျွန်တော်တို့ နည်းလမ်းရှုပ်ထွေးတယ်လို့ ဆိုနိုင်သော် ငြားလည်း ကျွန်တော်ခုနက တင်ပြခဲ့တဲ့ ဥပမာပေးခဲ့တဲ့ နိုင်ငံများနှင့် ပုံစံတူဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံမှာ အလေ့အကျင့်မရှိသေးတဲ့အတွက်ကြောင့် ကျွန်တော်ရဲ့တင်ပြချက်နှင့်ပတ်သက် ပြီး ရှင်းလင်းမှုရှိအောင် ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ ဒီစနစ်ကို ကျင့်သုံးတဲ့အခါမှာ အကျိုး သက်ရောက်မှုအနေနဲ့ မဲဆန္ဒရှင်တွေဟာ ဆန္ဒမဲပေးတဲ့အခါမှာ မဲဆန္ဒနယ်တစ်ခုမှာ မဲအများဆုံး ရသူအနိုင်ယူစနစ်ဖြင့်လည်းကောင်း၊ ပါတီအလိုက်အချိုးကျကိုယ်စားပြုစနစ်အတွက်လည်းကောင်း၊ နှစ်ကြိမ်မဲပေးရတဲ့စနစ်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)နှင့်ကိုက်ညီပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)နှင့်လည်း ကိုက်ညီပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ ပုဒ်မခွဲ(ခ)နှင့်လည်း ကိုက်ညီပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၃ ပုဒ်မခွဲ(က)နှင့် ကိုက်ညီ ပါတယ်။

သို့သော် ရှေ့က ရွေးကောက်ပွဲမှာတင်ပြခဲ့တဲ့အတိုင်းပဲ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိတဲ့လူတိုင်းဟာ ရွေးကောက်ပွဲတစ်ရပ်မှာ မဲဆန္ဒနယ်တစ်နယ်အတွက် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲပဲပေးခွင့်ရှိတယ်ဆိုတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ ပုဒ်မခွဲ(ခ)နှင့်တော့ကိုက်ညီမှုမရှိတာကို တွေ့ရပါတယ်။ အခု ကျွန်တော်တင်ပြသွားတဲ့ နည်းလမ်း သည် နည်းလမ်း(၆)ဖြစ်ပါတယ်။ ဒီ့အတွက် မဲကတ်ပြားတွေလည်း ကျွန်တော်တို့ ပြင်ဆင်ပြီးတော့ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့် မဲဆန္ဒရှင်များအနေနဲ့ မဲပေးရာမှာ လေ့ကျင့်ပညာပေးဖို့အချိန်

တွေလိုပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ မှာပါတဲ့ ဥပဒေများနဲ့လည်း ကျွန်တော်တို့ ကိုက်ညီမှုမရှိပါဘူး။ မဲအများဆုံးရသူ အနိုင်ယူစနစ်နဲ့ ပါတီအလိုက်အချိုးကျ ကိုယ်စားပြုစနစ် နှစ်ကြိမ်မဲပေးရပါတယ်။ မဲဆန္ဒနယ်တွေ ပြင်ဆင်သတ်မှတ်ရပါမယ်။ ထောက်ခံမှုအနည်းဆုံး၊ ရာခိုင်နှုန်း သတ်မှတ်လိုရင်လည်း သတ်မှတ်နိုင်ပါတယ်။ အစွန်းထွက်မဲတွေလည်း ပေါ်လာဦးမှာဖြစ်ပါတယ်။ ဒါကြောင့် နည်းလမ်း(၆)ရဲ့ အနေအထားကတော့ အခု ကျွန်တော်တင်ပြ ခဲ့တဲ့အတိုင်းပဲ FPTP ၂၅ ရာခိုင်နှုန်း၊ PR ၇၅ ရာခိုင်နှုန်းကို တိုင်းဒေသကြီးခုနစ်ခု မဲဆန္ဒနယ် ၂၀၄ ခုမှာ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်တဲ့စနစ်ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ နည်းလမ်း(၇)ကို တင်ပြမှာ ဖြစ်ပါတယ်။

နည်းလမ်း(၇)ကတော့ ပြည်နယ် ခုနစ်ခုမှာရှိတဲ့ မြို့နယ်ပေါင်း ၁၂၃ မြို့နယ်၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သုံးမြို့နယ် ပေါင်းတော့ ၁၂၆ မြို့နယ်။ ၁၂၆ မြို့နယ်ကတော့ မဲအများဆုံးရသူ အနိုင်ယူစနစ် FPTP စနစ်အတိုင်းပဲ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ ကျန်တဲ့တိုင်းဒေသသကြီး ခုနစ်ခု အတွင်းမှာရှိတဲ့ မဲဆန္ဒနယ် ၂၀၄ မြို့နယ်မှာတော့ အခုနက ကျွန်တော် ဖွဲ့စည်းပုံတင်ပြခဲ့တဲ့အတိုင်းပဲ တိုင်းခုနစ်တိုင်းမှာ ခရိုင်ပေါင်း ၄၀ ရှိပါတယ်။ ဒီခရိုင် ၄၀ ကိုအခြေခံပြီးတော့ ကျန်တဲ့ကိုယ်စားလှယ် ၂၀၄ ဦးမှာ ခရိုင် ၄၀ မှာ ခရိုင်တစ်ခုမှာ ၁ ဦးနှုန်းနဲ့ ကိုယ်စားလှယ် ၄၀ ရွေးချယ်မှာဖြစ်ပါတယ်။ ကျန်တဲ့ ၂၀၄ မှာ ကိုယ်စားလှယ် ၄၀ ကိုလုပ်ပေးလိုက်ရင် ၁၆၄ ဦးကျန်ပါတယ်။ ဒီ ၁၆၄ ဦးကို အချိုးကျကိုယ်စားပြု စနစ်နဲ့ ရွေးချယ်ခြင်းဖြစ်ပါတယ်။ ထပ်မံတင်ပြရရင် ပြည်နယ် နာဂဒေသ စုစုပေါင်း ၁၁၆ မြို့နယ် ယခင်အတိုင်းပဲ FPTP စနစ် ဖြစ်ပါတယ်။ တိုင်းဒေသကြီးခုနစ်မှာ ကျန်ရှိတဲ့ ၂၀၄ မြို့မှာ၊ ခရိုင်ပေါင်း ၄၀ မှာ တစ်ခရိုင်မှာ တစ်ဦးစီနဲ့ ကိုယ်စားလှယ် ၄၀ ကို FPTP စနစ်နဲ့ ရွေးချယ်မှာဖြစ်ပါတယ်။ ကျန်တဲ့ကိုယ်စားလှယ် ၁၆၄ ဦးကို အချိုးကျကိုယ်စားပြုစနစ်နဲ့ ရွေးမှာ ဖြစ်ပါတယ်။ ဒီစနစ်မှာပဲ အရှေ့ကတင်ပြသွားတဲ့နည်းလမ်း(၆)လိုပဲ မဲဆန္ဒနယ်တိုင်းသည် FPTP၊ PR မဲဆန္ဒနယ်များ ပြင်ဆင်သတ်မှတ်ပြီးတော့ မဲနှစ်ကြိမ်ပေးရတဲ့ စနစ်ပဲဖြစ်ပါတယ်။ ဒီစနစ်ကိုကျင့်သုံး လိုက်ရင် ထွက်ပေါ်လာမယ့်၊ တွေ့ရမယ့်အချက်တွေကတော့ (၁) မဲဆန္ဒရှင်များအနေနဲ့ ဆန္ဒမဲပေး တဲ့အခါမှာ မဲဆန္ဒနယ်မြေတစ်ခုမှာ မဲအများဆုံးရသူ အနိုင်ယူစနစ်အတွက်လည်းကောင်း၊ ပါတီအလိုက် အချိုးကျကိုယ်စားပြုစနစ်အတွက်လည်းကောင်း မဲနှစ်ကြိမ်ပေးရမယ့်စနစ်ဖြစ်ပါတယ်။ ပြည်သူတွေ အနေနဲ့ မဲပေးတဲ့အခါမှာ မဲအများဆုံးရသူအနိုင်ယူစနစ်အတွက် အခက်အခဲမရှိပေမယ်လို့ ပါတီ အလိုက် အချိုးကျကိုယ်စားပြုစနစ်နဲ့ ရွေးချယ်တဲ့ မဲဆန္ဒနယ်တွေမှာ မဲပုံစံအသစ်နဲ့ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ပညာပေးဖို့လိုမှာဖြစ်ပါတယ်။ ဒီစနစ်အတွက် မဲဆန္ဒနယ်တွေပြင်ဆင်ပြီးတော့

သတ်မှတ်ပေးရပါတယ်။ အမှန်တကယ်မဲရွေးတဲ့အခါမှာ အစွန်းထွက်မဲတွေလည်း ရှိလာဦးမှာဖြစ်ပါတယ်။ ထောက်ခံမှုအနိမ့်ဆုံးဖြစ်တဲ့ Threshold ရာခိုင်နှုန်းသတ်မှတ်မယ်ဆိုရင်လည်း သတ်မှတ်လို့ရပါတယ်။ ဒီစနစ်ကို ကျင့်သုံးမယ်ဆိုရင်တော့ လက်ရှိဖွဲ့စည်းပုံနှင့် ပြုပြင်ဖို့လိုပါမယ်။ တိုင်းဒေသကြီးတွေမှာ ပါတီအလိုက် အချိုးကျကိုယ်စားပြုစနစ်နဲ့ ၈၀.၄ ရာခိုင်နှုန်း၊ FPTP စနစ်နဲ့ ၁၉.၆ ရာခိုင်နှုန်း၊ တစ်နိုင်ငံလုံးမှာ ပါတီအလိုက်အချိုးကျ ကိုယ်စားပြုစနစ်နဲ့ ၄၉.၇ ရာခိုင်နှုန်း မဲအများဆုံးရသူ အနိုင်ယူစနစ်နဲ့ ၅၀.၃ ရာခိုင်နှုန်းဖြစ်တဲ့အတွက်ကြောင့် ဒီစနစ်ရဲ့ထူးခြားမှုကတော့ တစ်နိုင်ငံလုံးမှာ ၅၀ ရာခိုင်နှုန်းနဲ့ တစ်ဝက်စီလုပ်တဲ့စနစ်ဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ နောက်ဆုံးနည်းလမ်း(၈)နဲ့ပတ်သက်လို့ တင်ပြပါမယ်။ နည်းလမ်း(၈)မှာလည်း ပြည်နယ်မှာရှိတဲ့ မဲဆန္ဒနယ် ၁၂၃ ခုနှင့် နာဂကိုင်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးခု ပေါင်း ၁၂၆ ခုနှင့် ယခင် FPTP စနစ်နဲ့ ရွေးကောက်ပွဲကျင်းပပြုလုပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်တဲ့တိုင်းဒေသကြီး ခုနစ်ခုမှာရှိတဲ့ ၂၀၄ မြို့နယ် ကျန်ပါတယ်။ ၂၀၄ မြို့နယ်မှာ ကျွန်တော်တို့ တစ်ဝက်ဖြစ်တဲ့ ၁၆၅ မြို့နယ် ကျွန်တော်တို့နိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိပါတယ်။ သူ့ရဲ့ ၅၀ ရာခိုင်နှုန်းသည် ၁၆၅ မြို့နယ်ဖြစ်ပါတယ်။ အခုနက ပြည်နယ်မှာ ၁၂၆ မြို့နယ်ကို FPTP နဲ့ကျင့်သုံးတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဇယားမှာရှင်းထားတဲ့အတိုင်း ၃၉ မြို့နယ် ကျန်ပါတယ်။ အဲ့ဒီ ၃၉ မြို့နယ်ကို မဲအများဆုံးရသူ အနိုင်ယူစနစ်နဲ့ ရွေးကောက်ပြီးတော့ ကျန်တဲ့ ၁၆၅ မြို့နယ်ကို အချိုးကျကိုယ်စားပြုစနစ်နဲ့ ရွေးတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်က ကျွန်တော်တင်ပြသွားတဲ့ နည်းလမ်း(၆)၊ (၇) နဲ့ဆင်ပါတယ်။ ပြည်နယ်တွေနဲ့ နာဂဒေသမှာတော့ FPTP စနစ်ဖြစ်ပြီးတော့ တိုင်းဒေသကြီး ခုနစ်ခုရဲ့ ၂၀၄ မြို့နယ်မှာတော့ နှစ်ကြိမ်မဲပေးရတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်ကိုကျင့်သုံးမယ်ဆိုရင် တစ်နိုင်ငံလုံးမှာ မဲအများဆုံးရသူအနိုင်ယူစနစ်နဲ့ ၁၆၅ နေရာ ၅၀ ရာခိုင်နှုန်း အတိဖြစ်ပါတယ်။ ပါတီအလိုက် အချိုးကျကိုယ်စားပြုစနစ်နဲ့ ၁၆၅ နေရာ ၅၀ ရာခိုင်နှုန်း အတိဖြစ်ပါတယ်။ စနစ်နှစ်ခုကို အချိုးကျပေါင်းစပ်ထားတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်ဟာ ရှုံးမဲများကို အနည်းဆုံးဖြစ်စေပါတယ်။ ပြည်သူတွေအနေနဲ့ မဲပေးရာမှာ မဲအများဆုံးရတဲ့ FPTP စနစ်အတွက် အခက်အခဲမရှိနိုင်ပေမယ့်လို့ ပါတီအလိုက်အချိုးကျကိုယ်စားပြုစနစ်နဲ့ ရွေးချယ်တဲ့မဲဆန္ဒနယ်မြေမှာတော့ မဲပုံစံအသစ်နဲ့ဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့် ပြည်သူလူထု ပညာပေးဖို့လိုမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အချို့အချက်တွေမှာ ပြင်ဆင်ရမှာဖြစ်ပါတယ်။ ပါတီအလိုက် အချိုးကျကိုယ်စားပြုစနစ်အတွက် ထောက်ခံမှုအနည်းဆုံး ရာခိုင်နှုန်း Threshold ရာခိုင်နှုန်း သတ်မှတ်မယ်ဆိုရင် သတ်မှတ်လို့ရပါတယ်။ ပါတီအလိုက်

အချိုးကျကိုယ်စားပြုစနစ်အတွက် အစွန်းထွက်မဲတွေလည်း ပေါ်လာဦးမှာဖြစ်ပါတယ်။ မဲအများဆုံး ရတဲ့အနိုင်ယူစနစ်နဲ့ ရွေးချယ်ထားတဲ့ မဲဆန္ဒနယ်နယ်တွေမှာ ကြားဖြတ်ရွေးကောက်ပွဲလုပ်ရသော် ငြားလည်း အချိုးကျကိုယ်စားပြုစနစ်နဲ့ ရွေးချယ်တဲ့မြို့နယ်တွေမှာ ကြားဖြတ်ရွေးကောက်ပွဲမရှိနိုင် ပါဘူး။ မဲအများဆုံးရသူအနိုင်ယူစနစ်နဲ့ ရွေးချယ်တဲ့ မဲဆန္ဒနယ်တွေအတွက် ပိုပြီးတော့ အကျိုး သက်ရောက်မှုရှိစေပါတယ်။

အခု ကျွန်တော် တင်ပြခဲ့တာကတော့ ကျွန်တော်တို့ကော်မရှင်အနေနဲ့ လေ့လာသုံးသပ်တွေ့ရှိ လာတဲ့ နည်းလမ်းရှစ်ခုဖြစ်ပါတယ်။ နည်းလမ်းရှစ်ခုကို အကျဉ်းချုံးပြီးတင်ပြရရင် နည်းလမ်းရှစ်ခုလုံး မှာ ပြည်နယ်ခုနစ်ခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးခု ပေါင်းတော့ ၁၂၆ မြို့နယ်သည် ယခင် FPTP စနစ်အတိုင်းပဲ အပြောင်းအလဲမရှိ ဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။ နည်းလမ်း(၁)သည် တစ်နိုင်ငံလုံးရဲ့ FPTP စနစ်ဖြစ်ပါတယ်။ နည်းလမ်း(၂)သည် တစ်နိုင်ငံလုံးရဲ့ အချိုးကျကိုယ်စားပြု စနစ် ဖြစ်ပါတယ်။ နည်းလမ်း(၃)နဲ့ (၄)သည် တစ်နိုင်ငံလုံးမဲပေးတဲ့အခါမှာ FPTP စနစ်အတိုင်းပဲ မဲပေးတာဖြစ်ပါတယ်။ မဲဆန္ဒနယ်တွေ သတ်မှတ်တဲ့အခါမှာလည်း တစ်နိုင်ငံလုံး ယခင်အတိုင်းပဲ ၃၃၀ ဖြစ်ပါတယ်။ ပြည်သူများ မဲလာပေးတဲ့အခါမှာလည်း ယခင်အတိုင်းပဲ တစ်မဲတည်းပေးရတဲ့စနစ်ဖြစ်ပါ တယ်။ သို့သော် သူ့ရဲ့ထူးခြားမှုကတော့ ပြည်နယ်တွေမှာ ယခင် FPTP စနစ်အတိုင်းပဲ ဆောင်ရွက်ပါ တယ်။ တိုင်းဒေသကြီး ခုနစ်ခုရဲ့ ၂၀၄ မြို့နယ်မှာ ၅၀ ရာခိုင်နှုန်း + ၁ မဲ။ ဒါက ဖွဲ့စည်းပုံတွေရဲ့ စနစ်မှာ ကျွန်တော် တင်ပြသွားတဲ့ A.V လို့ခေါ်တဲ့ Alternative Vote ရဲ့စနစ်ဖြစ်ပါတယ်။ ဒါကို ရွေးချယ်ပြီး တော့ ကျန်တဲ့မဲများကို ကျွန်တော်တို့က မဲအရေအတွက်ကနေ ကိုယ်စားလှယ်အရေအတွက်ဖြင့် အချိုး ကျပြောင်းလဲပေးလိုက်ခြင်းသာဖြစ်ပါတယ်။ နည်းလမ်း(၃)နဲ့ (၄)ကို တင်ပြခြင်းဖြစ်ပါတယ်။ ကျန်တဲ့ နည်းလမ်း(၅)၊ (၆)၊ (၇)၊ (၈) ကတော့ အကြမ်းဖျင်းအားဖြင့် FPTP နဲ့ PR ကို ပေါင်းစပ်ပြီးကျင့်သုံးတဲ့ စနစ်များဖြစ်ပါတယ်။

ကျွန်တော်တို့ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ကော်မရှင်ရဲ့ သုံးသပ်အကြံပြုမှုကို တင်ပြမှာဖြစ်ပါ တယ်။ ကော်မရှင်အနေနဲ့ ရွေးကောက်ပွဲစနစ်သစ် ပုံစံတစ်ခုဖြစ်ပေါ်လာဖို့အတွက် အခုတင်ပြခဲ့တဲ့ အတိုင်းပဲ ရည်ရွယ်ချက်တွေ၊ လေ့လာသုံးသပ်ချက်တွေ အခြေခံပြီးတော့ ယနေ့ဖြစ်ပေါ်နေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် အခြေအနေအရပ်ရပ်ကို ထည့်သွင်း တွက်ချက်စဉ်းစားသုံးသပ်ပြီးတော့ နည်းလမ်းရှစ်ခု အကြံပြုတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါနည်းလမ်း ရှစ်ခုအနက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်နဲ့ လိုက်လျောညီထွေရှိမယ့်

ရွေးကောက်ပွဲစနစ်တွေကို လေ့လာသုံးသပ်တဲ့အခါမှာ ကျွန်တော် အခုနက ရှင်းလင်းတင်ပြတဲ့ နည်းလမ်း (၃)နဲ့ (၄)သည် ကျွန်တော်တို့အတွက်၊ နိုင်ငံတော်အတွက် အခွင့်အရေး ပိုရနိုင်ဖွယ် ရှိတဲ့နည်းလမ်းများဖြစ်ကြောင်းလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့တော့ ဒီနည်းလမ်း နှစ်ခုနဲ့ပတ်သက်ပြီး လွှတ်တော်ကနေ သုံးသပ်ဆောင်ရွက်နိုင်ဖို့အတွက် အကြံပြုတင်ပြရင်း ကျွန်တော်တို့ကော်မရှင်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးတဲ့အခါ ကော်မရှင်ကတင်ပြထားတဲ့ နည်းလမ်းရှစ်ခု အနက် အသင့်လျော်ဆုံးနည်းလမ်းတစ်ခုကို လွှတ်တော်က ရွေးချယ်ရမှာဖြစ်ပြီး ပြည်ထောင်စု လွှတ်တော်သို့ ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် ပွင့်လင်းမြင်သာပြီး အပြုသဘောဆောင်သောဆွေးနွေးချက်များဖြင့် ဆောင်ရွက်သွားကြ စေလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင် ရဲ့အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ ၂၁-၁၀-၂၀၁၄ ရက် (အင်္ဂါနေ့) ညနေ ၀၃း၀၀ နာရီ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၂း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှုကြမ်း**